# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၃၂) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၂) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၆ | (က) ၂၀၁၇-၂၀၁၈ ခုနှစ်တွင် နိုင်ငံနှင့်အဝန်း ထက်/လယ်/မူ ကျောင်းပေါင်း ၅၀၀၀ ကျော်အား အဆင့်တိုးမြှင့် ပေးခဲ့ရာ လိုအပ်သော ဆရာဆရာမ ပြည့်စုံစွာတိုးမြှင့်ခန့်ထားရန် အစီအမံများရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၅ |
| ၇ | (ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်တွင် အမည်၊ အမိအဘတို့၏အမည်၊ မွေးသက္ကရာဇ် စသည်ဖြင့် လွဲချော်နေမှုများကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြင်ဆင်ပေးနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၀ |
| ၈ | (ဂ) ပြင်ဦးလွင်မြို့နယ်၊ ပြင်စာ၊ ရေငယ်၊ ရွှေသင်း အ.ထ.က(ခွဲ) ကျောင်းများအား အထက်တန်းကျောင်း အဆင့်သို့လည်းကောင်း၊ ဟိုလိပ်၊ ကံဇျူး၊ ပြင်ကြီး၊ ပိန္နဲကုန်း အ.လ.က(ခွဲ)များကို အလယ်တန်းကျောင်း အဆင့်သို့လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၆ |
| ၉ | (ဃ) စပါးဝယ်ယူရာတွင် အလေးချိန်တင်းတောင်း စံချိန်မကိုက်ညီမှုများကို မည်သို့ပြင်ဆင်သတ်မှတ် အရေးယူခြင်းများပြုလုပ်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၉ |
| ၁၀ | (င) အဝေးသင်တက္ကသိုလ်များတွင် Assignment ဖြေဆိုတင်သွင်းမှုများကို အင်တာနက်အသုံးပြု၍ လက်ကိုက်ဖုန်းများဖြင့် ဖြေဆိုမှုစနစ်ပြောင်းလဲကျင့်သုံးနိုင်မှုရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၃ |

| | | |
|---|---|---|
| ၁၁ | (စ) အခြေခံပညာ(ထက်၊ လယ်၊ မူ) ကျောင်းသားကျောင်းသူများကို ပညာရေးဝန်ကြီးဌာနမှ အခမဲ့ရိုက်နှိပ် ထုတ်ဝေပေးနေသော (Text Book) ပြဋ္ဌာန်းစာအုပ်များအား Wood Free စာရွက်အစား သင့်တင့်သော အရည်အသွေးရှိစာရွက်များဖြင့် ပြောင်းလဲထုတ်ဝေပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း | ၂၇ |
| ၁၂ | ဒေါ်သန္တာ၊ အိမ်မဲမဲဆန္ဒနယ်က ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ၏ သတင်းထုတ်ပြန်ချက်အား ပြင်းထန်စွာကန့်ကွက်ကြောင်း အရေးကြီးအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၃၁ |
| ၁၃ | ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၃၆ |
| ၁၄ | ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်း | ၄၉ |
| ၁၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၂) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၃) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၅၁ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၃၂)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၄-၇-၂၀၁၇ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဒေါက်တာဦးလှမိုး၊ အောင်မြေသာစံ မဲဆန္ဒနယ်၏ **၂၀၁၇-၂၀၁၈ ခုနှစ်တွင် နိုင်ငံနှင့်အဝန်း ထက်/လယ်/မူ ကျောင်းပေါင်း ၅၀၀၀ ကျော်အား အဆင့်တိုးမြှင့်ပေးခဲ့ရာ လိုအပ်သော ဆရာ၊ ဆရာမ ပြည့်စုံစွာ တိုးမြှင့်ခန့်ထားရန် အစီအမံများ ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ **တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်တွင် အမည်၊ အမိအဘတို့၏အမည်၊ မွေးသက္ကရာဇ်စသည်ဖြင့် လွဲချော်နေမှုများကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြင်ဆင်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ်၏ **ပြင်ဦးလွင်မြို့နယ်၊ ပြင်စာ၊ ရေငယ်၊ ရွှေသင်း အ.ထ.က(ခွဲ)ကျောင်းများအား အထက်တန်းကျောင်းအဆင့်သို့လည်းကောင်း၊ ဟိုလိပ်၊ ကံဗျူး၊ ပြင်ကြီး၊ ပိန္နဲကုန်း အ.လ.က(ခွဲ)များကို အလယ်တန်းကျောင်းအဆင့်သို့လည်းကောင်း ၂၀၁၇–၂၀၁၈ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်သန္တာ၊ အိမ်မဲ မဲဆန္ဒနယ်၏ **စပါးဝယ်ယူရာတွင် အလေးချိန် တင်းတောင်း စံချိန်မကိုက်ညီမှုများကို မည်သို့ပြင်ဆင်သတ်မှတ် အရေးယူခြင်းများ ပြုလုပ်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဦးတင်အောင်၊ ကျောက်ဆည် မဲဆန္ဒနယ်၏ **အဝေးသင် တက္ကသိုလ်များတွင် Assignment ဖြေဆိုတင်သွင်းမှုများကို အင်တာနက် အသုံးပြု၍ လက်ကိုင်ဖုန်းများဖြင့် ဖြေဆိုမှုစနစ် ပြောင်းလဲကျင့်သုံး နိုင်မှု ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစိန်ဟန်၊ ကံမ မဲဆန္ဒနယ်၏ **အခြေခံပညာ(ထက်၊လယ်၊မူ)ကျောင်းသား/ ကျောင်းသူများကို ပညာရေးဝန်ကြီးဌာနမှ အခမဲ့ ရိုက်နှိပ်ထုတ်ဝေ ပေးနေသော (Text Book) ပြဋ္ဌာန်းစာအုပ်များအား Wood Free စာရွက်အစား သင့်တင့်သော အရည်အသွေးရှိ စာရွက် များဖြင့် ပြောင်းလဲထုတ်ဝေပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်၊

(ခ) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၊

(ဂ) ဒေါ်နန်းသန်းသန်းလွင်၊ ဘားအံ မဲဆန္ဒနယ်၊

(ဃ) ဦးမြင့်ဦး၊ မကွေး မဲဆန္ဒနယ်၊

(င) ဦးညဏ်လင်း၊ ရွှေပြည်သာ မဲဆန္ဒနယ်၊

(စ) ဦးဝင်းအောင်၊ မိုးမောက် မဲဆန္ဒနယ်၊

၇။ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး
# (၃၂)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်
## (၂၀၁၇ ခုနှစ်၊ ဇူလိုင် ၂၄ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၉၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၂၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၇ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၂ ရက်၊

(၂) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်၊

(၃) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊

မူကြမ်း

(၄) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး(ခ)စိုင်းထွန်းအေး ခွင့် ၂ ရက်၊

(၅) ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁ ရက်၊

(၆) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၇) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ခွင့် ၁ ရက်၊

(၈) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၉) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်၊

(၁၀) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမွန်း ခွင့် ၅ ရက်၊

(၁၁) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်၊

(၁၂) တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၁ ရက်၊

(၁၃) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၁၄) အမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမောင် ခွင့် ၃ ရက်၊

(၁၅) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊

(၁၆) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလွိုင်ထွန်း ခွင့် ၅ ရက်၊

(၁၇) ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင် ခွင့် ၁ ရက်၊

(၁၈) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဒေါ်စန်းသီတာခင် ခွင့် ၂ ရက်၊

(၁၉) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်သီဟ ခွင့် ၁ ရက်၊

(၂၀) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် ခွင့် ၅ ရက်၊

(၂၁) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ခွင့် ၂ ရက်၊

(၂၂) မြို့သစ်မဲဆန္ဒနယ်မှ ဦးသာအောင် ခွင့် ၁ ရက်၊

(၂၃) လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး ခွင့် ၅ ရက်၊

(၂၄) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၅ ရက်၊

(၂၅) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ခွင့် ၅ ရက်၊

(၂၆) ဗန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၂ ရက်၊

(၂၇) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၁ ရက်၊

(၂၈) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၂ ရက်၊

(၂၉) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁၂ ရက်၊

မှုကြမ်း

(၃၀) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျူဆန်မိုင် ခွင့် ၅ ရက်၊

(၃၁) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၅ ရက်၊

(၃၂) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၃ ရက်၊

(၃၃) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၃ ရက်နှင့်

(၃၄) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၈ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၄ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၃၄ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မူကြမ်း**

**၂၀၁၇-၂၀၁၈ ခုနှစ်တွင် နိုင်ငံနှင့်အဝန်း ထက်/လယ်/မူကျောင်းပေါင်း ၅၀၀၀ ကျော်အား အဆင့်တိုးမြှင့်ပေးခဲ့ရာ လိုအပ်သော ဆရာဆရာမ ပြည့်စုံစွာတိုးမြှင့်ခန့်ထားရန် အစီအမံများရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး ဖြစ်ပါတယ်။ ယနေ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ နိုင်ငံနှင့်အဝန်း ထက်/လယ်/မူကျောင်းပေါင်း ၅၀၀၀ ကျော်အား အဆင့်တိုးမြှင့်ပေးခဲ့ရာ လိုအပ်သော ဆရာဆရာမ ပြည့်စုံစွာတိုးမြှင့်ခန့်ထားရန် အစီအမံများရှိ/မရှိနှင့်ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှ နိမ့်ကျနေတဲ့ပညာရေးစနစ်ကို တိုးမြှင့်အောင် ဆောင်ရွက်နေတဲ့အချိန်အခါကာလလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်း နိုင်ငံတော်က ပညာရေးအသုံးစရိတ်တွေကို တိုးမြှင့်ချထားပေးတာ ပြီးခဲ့တဲ့ဘဏ္ဍာရေးနှစ်မှာဆိုလို့ရှိရင် ဘီလီယံ ၁၉၀၀ လောက်နီးပါးချထားပေးခဲ့တာလည်း အားလုံးအသိပဲဖြစ်ပါတယ်။ ဒီလိုချထားပေးတဲ့အထဲမှာမှ ပညာရေးဝန်ကြီးဌာနကနေပြီးမှ မူလတန်းမှအလယ်တန်း၊ အလယ်တန်းမှအထက်တန်း ကျောင်းအသီးသီးကို အဆင့်အသီးသီးတိုးမြှင့်ပေးခဲ့တာ ကျောင်းပေါင်း ၅၂၀၀ ကျော်ရှိတယ်လို့ သိရှိရပါတယ်။ ဒီလိုကျောင်းအသီးသီး အဆင့်တိုးမြှင့်ပေးတာ ကောင်းတဲ့အချက်ပါပဲ။ ဘာကြောင့်ကောင်းတဲ့အချက်လို့ ပြောရသလဲဆိုလို့ရှိရင် ဒီလိုကျောင်းအသီးသီးကို အဆင့်တိုးမြှင့်ပေးလိုက်တဲ့အတွက် သွားရေးလာရေးခက်ခဲတဲ့ဒေသက ကျွန်တော်တို့ရဲ့ နိုင်ငံသူနိုင်ငံသားများဟာ အခြေခံပညာရေးကို အတန်းအဆင့်တစ်ခုပြီးဆုံးတဲ့အထိ ကျွန်တော်တို့ သင်ကြားနိုင်မှာဖြစ်တဲ့အတွက်ကြောင့် ဒါသည် ကောင်းသောအချက်ဖြစ်တယ်ဆိုတာကို နွေးထွေးလိုက်လှဲစွာကြိုဆိုပါတယ်။ ဒါပေမဲ့လည်း အဲဒီတိုးမြှင့်လိုက်တဲ့ကျောင်းတွေမှာ ယနေ့အချိန်အထိ ဆရာဆရာမတွေကို ၎င်းတို့အဆင့်နဲ့ လျော်ညီသော၊ ကိုက်ညီသော ဆရာဆရာမဦးရေကို ခန့်ထားပေးနိုင်ခြင်းမရှိသေးဘူးဆိုတာကို ပညာရေးဝန်ထမ်းများဆီမှ အသံတွေ၊ ကျွန်တော်တို့ မဲဆန္ဒရှင်ပြည်သူပြည်သားတွေဆီက

အသံတွေကြားလာရတဲ့အတွက်ကြောင့် လွှတ်တော်ကြီးမှာလည်း ဆရာဆရာမတွေ တိုးမြှင့်ခန့်ထားပေးဖို့ မေးခွန်းတွေမကြာခဏမေးလာတာကိုလည်း ကျွန်တော်တို့ တွေ့မြင်ကြားသိရပါတယ်။

လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီလိုကျောင်းအဆင့်တွေတိုးမြှင့်ပေးတဲ့အတွက် ကောင်းတဲ့အချက်တွေလည်းရှိသလို တချို့နေရာတွေမှာလည်း အခြေအနေအကြောင်းကြောင်းတွေ အများကြီးရှိလာတာ တွေ့ရပါတယ်။ ဒီလိုကျောင်းအဆင့်တွေ တိုးမြှင့်ပေးလိုက်ပေမဲ့ ပထမဆုံးတိုးမြှင့်တဲ့နှစ်မှာသာလျှင် ကျောင်းသားဦးရေကရှိပေမဲ့ တချို့ကျောင်းတွေမှာ နောက်နှစ်တွေမှာ ကျောင်းသားပြန်ပျောက်သွားပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ ပညာရေးဝန်ထမ်းတွေက ခန့်ပြီးသားတွေကဖြစ်နေပြီ။ ကျောင်းအဆင့်ပြန်ချလို့လည်း မရ။ ဥပမာလေးတစ်ခုဆိုမယ်။ မန္တလေးမှာဆိုလို့ရှိရင် မန္တလေးမြို့ပေါ်ကြီးမှာတောင်မှ ကျောင်းသားတစ်ဦးတည်းပဲရှိတဲ့အတွက် မူလကျောင်းတွေ၊ ကျောင်းသား ဆယ်ဂဏန်းမရှိတော့တဲ့ အလယ်တန်းကျောင်းတွေ အများကြီးပေါ်ထွက်လာတာ တွေ့ရပါတယ်။ ဒါကလည်း ဝမ်းနည်းစရာကောင်းတဲ့အချက်ပါပဲ။ ကျွန်တော်တို့တွေက ဒီနေ့ မြန်မာနိုင်ငံမှာ မဟာဗျူဟာစီမံကိန်းစာရင်းအချက်အလက်အရ ပြောရမယ်ဆိုရင် မြန်မာနိုင်ငံမှာ အခြေခံပညာကျောင်းပေါင်း ၄၇၃၆၃ ကျောင်းရှိတယ်ဆိုတာ သိရပါတယ်။ ဒီထဲကမှ ဘ/ကကျောင်းတွေနဲ့ ပုဂ္ဂလိကကျောင်းတွေနုတ်လိုက်ရင် အစိုးရကျောင်းချည်းပဲ ၄၅၀၀၀ လောက်ရှိပါတယ်။ ဒီထဲမှာ ခန့်ထားပြီးသား ဆရာဆရာမက ၃၄၀၀၀၀ ကျော်ရှိပါတယ်။ ဒီထဲကမှ ဘ/ကကျောင်းတွေ၊ ပုဂ္ဂလိကကျောင်းဆရာဆရာမတွေ နုတ်လိုက်မယ်ဆိုလို့ရှိရင် ၃၂၀၀၀၀ လောက်ရှိပါတယ်။ ကျောင်းသားကျောင်းသူပေါင်းက အစိုးရကျောင်းရော၊ ဘ/ကကျောင်းရော၊ ပုဂ္ဂလိကကျောင်းရော ၉.၂၅ သန်းရှိတယ်လို့ မဟာဗျူဟာစီမံကိန်းအရ ကျွန်တော်တို့ သိရပါတယ်။ ဒီထဲကမှ ဘ/ကကျောင်းနဲ့ ပုဂ္ဂလိကကျောင်းနုတ်လိုက်မယ်ဆိုရင် အစိုးရကျောင်းမှာပညာသင်ကြားနေတဲ့ ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားတွေဟာ ကိုးသန်းနီးပါးရှိတယ်ဆိုတာ သိရပါတယ်။ အချိုးအရတွက်မယ်ဆိုရင် မှန်တယ်။ ကျောင်းသား ၂၇ ယောက်မှာ ဆရာတစ်ယောက်အချိုးနှုန်းလောက်ကျပါတယ်။ တကယ်တမ်းတွက်ကြည့်မယ်ဆိုရင်တော့ ကိုက်သလိုလိုရှိပါတယ်။ ဒါပေမဲ့ မကိုက်ပါဘူး။ ဘာကြောင့် မကိုက်သလဲလို့ပြောမယ်။ အထက်တန်းကျောင်းတစ်ကျောင်းမှာဆိုလို့ရှိရင် (၉)တန်း လူ ၆၀ ရှိမယ်။ (၁၀)တန်း လူ ၆၀ ရှိမယ်။ ၁၂၀ ရှိမယ်။ အဲဒီအတွက် ခန့်ထားတဲ့ဆရာဆရာမက အချိုးအရပြောမယ်ဆိုရင် ခြောက်ဘာသာဖြစ်တဲ့အတွက် ခြောက်ယောက်ခန့် ၁၀ း ၁ လောက်ပဲရှိတယ်။ သိပ်ကိုက်တာပေါ့။ ဒါပေမဲ့ တစ်ခန်းတစ်ခန်းကို လူ ၆၀ လောက်သင်နေရတာဖြစ်တဲ့အတွက်

ဆရာဆရာမ း ကျောင်းသားက အထက်တန်းအဆင့်တွေမှာ ဘယ်လိုမှကိုက်ဖွယ်ရာရမရှိပါဘူး။ အဲဒီအတွက် ကျွန်တော်တို့ ဆရာဆရာမတွေမှာ ဝန်ထုပ်ဝန်ပိုးဖြစ်စေပါတယ်။

နောက်တစ်ခါ တက္ကသိုလ်ဝင်တန်း ဥပမာဆိုကြပါစို့။ ဒီလိုဆရာဆရာမတွေ ရွေးချယ်ခန့်ထားတဲ့ အခါမှာလည်း တက္ကသိုလ်ဝင်တန်းအောင်ပြီးတဲ့အခါမှာခန့်တဲ့ ပညာရေးကောလိပ်ရှိမယ်။ တက္ကသိုလ် ဝင်တန်းအောင်တွေတက်ရောက်ခွင့်ရတဲ့ ပညာရေးဒီဂရီကောလိပ်ရှိမယ်။ ပညာရေးတက္ကသိုလ်တွေ ရှိမယ်။ ဘွဲ့ရတွေကနေပြီးမှ မွေးထုတ်ပေးလိုက်တဲ့ PGTT ရှိမယ်၊ PGDMA ရှိမယ်။ မဟာဘွဲ့ရတွေကို မွေးထုတ်ပေးလိုက်တဲ့ CET ရှိမယ်၊ SAT ရှိမယ်။ ဒီလိုဆရာဆရာမတွေ အများကြီးမွေးထုတ်ပေးနေ ပေမဲ့လည်း ယနေ့အချိန်အထိ ကျောင်းတိုင်းကျောင်းတိုင်းမှာ ကျွန်တော်တို့ လိုအပ်တဲ့ပညာသင်ကြားမှု မရရှိသေးပါဘူး။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဒီလိုလိုအပ်တဲ့ဆရာဆရာဦးရေ အရေ အတွက်ကို ဘယ်လိုပြည့်စုံအောင် စီမံဆောင်ရွက်ထားပါသလဲဆိုတဲ့အစီအမံကို သိရှိလိုတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းပြည့်စုံပါစေကြောင်း ရှေ့ဦးမေတ္တာပို့သအပ်ပါတယ်။ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (၃၂)ရက်မြောက်နေ့မှာ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာလှမိုး၏ မေးခွန်းဖြစ်သော ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ဝန်ကြီးဌာနမှ နိုင်ငံနှင့်အဝန်း ထက်/လယ်/မူကျောင်းပေါင်း ၅၀၀၀ ကျော်အား ကျောင်းအဆင့်တိုးမြှင့် ပေးခဲ့ရာ အဆိုပါကျောင်းများအတွက် လိုအပ်သောဆရာဆရာမဝန်ထမ်း ပြည့်စုံစွာတိုးမြှင့်ခန့်ထားနိုင် ရန် အစီအမံများ ဆောင်ရွက်ထားခြင်းရှိ/မရှိနှင့် မခန့်ထားနိုင်ပါသေးလျှင် ခန့်ထားနိုင်အောင် ပညာရေးဝန်ကြီးဌာနမှ မည်ကဲ့သို့အစီအမံများ ဆောင်ရွက်နေသည်ဆိုတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ကျွန်တော် ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ သတ်မှတ်ထားတဲ့ မူတွေအရ အဆင့်တိုးမြှင့်ပေးနိုင်ခဲ့တဲ့ကျောင်းက ၄၁၂ ကျောင်းရှိပြီး သတ်မှတ်ချက်မပြည့်မီ သော်လည်း ပင်မကျောင်းနှင့် သတ်မှတ်အကွာအဝေး ကွာဝေးနေတဲ့နေရာတွေမှာ နိုင်ငံသူနိုင်ငံသား များ သင်ယူမှုအခွင့်အလမ်းများ ရရှိစေရေးအတွက် ရည်ရွယ်ပြီး အဆင့်တိုးမြှင့်ပေးခဲ့တဲ့ အခြေခံပညာ ကျောင်းပေါင်းအရေအတွက် ၄၆၈၇ ကျောင်းဖြစ်တဲ့အတွက် စုစုပေါင်းအခြေခံပညာကျောင်းပေါင်း ၅၀၉၉ ကျောင်းကို သက်ဆိုင်ရာကျောင်းအဆင့်အသီးသီးသို့ တိုးမြှင့်ပေးခဲ့ပြီးဖြစ်ပါကြောင်း တင်ပြအပ် ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေနဲ့ အခြေခံပညာကျောင်းများ၌ ဆရာဆရာမခန့်ထားရာတွင် ဆရာနှင့်ကျောင်းသားအချိုးမျှတစေရေး၊ သင်ကြားရမယ့် ဘာသာရပ် ကိုက်ညီမှုရှိစေရေး အစရှိတာတွေကို အဓိကထားစဉ်းစားပြီး ဘဏ္ဍာငွေခွဲဝေမှုရရှိခြင်းအပေါ် မူတည်ပြီး ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ယခု ပညာသင်နှစ် မှာ အဆင့်တိုးမြှင့်ပေးခဲ့တဲ့ကျောင်းများအတွက် ဆရာဆရာမများအပြင် လိုအပ်တဲ့စာသင်ဆောင်၊ ပရိဘောဂ၊ သင်ထောက်ကူပစ္စည်းများ၊ စာကြည့်တိုက်၊ ICT အသုံးပြုနိုင်ရေး၊ သန့်ရှင်းရေးနှင့်ရေ လုံလောက်စေရေး၊ အားကစားရေးရာကိစ္စရပ်များ စသည်တို့ကို လာမည့်ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြု ဘဏ္ဍာငွေပေါ် မူတည်ပြီး ဆက်လက်ဖြည့်ဆည်းဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း ရိုသေစွာ တင်ပြ အပ်ပါတယ်။

အဲဒီလိုအဆင့်တိုးမြှင့်ပေးလိုက်တဲ့ကျောင်းများအတွက် လိုအပ်တဲ့ဆရာဆရာမများကို ပညာရေး တက္ကသိုလ်များနှင့် ပညာရေးကောလိပ်များမှ သင်တန်းဆင်းဆရာဆရာမများနှင့်လည်းကောင်း၊ ဘဏ္ဍာငွေခွဲဝေမှုအပေါ် မူတည်ပြီး မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်များ အတွက် လိုအပ်သည့် ဆရာဆရာမဦးရေ နေ့စားလပေး ဆရာဆရာမများ ဖြည့်ဆည်းခန့်ထားပေးနိုင် ရေးအတွက်လည်းကောင်း စီမံဆောင်ရွက်သွားဖို့ စီစဉ်သွားမှာဖြစ်ပြီး ဆရာများအတွက် လိုအပ်တဲ့ သင်ကြားမှုအရည်အချင်းတွေ ပြည့်ဝစေရေးအတွက်လည်း သတ်မှတ်အရည်အချင်းအရ စိစစ်ရွေးချယ်ခြင်း၊ ဒေသခံဆရာဆရာမများကို ဦးစားပေးခန့်အပ်ခြင်း၊ လိုအပ်သော ဆရာဖြစ်သင် သင်တန်းများပေးပြီး ဖြည့်ဆည်းစီမံသွားမည်ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**မူကြမ်း**

**ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးခွင့်ပြုပါ။ ယနေ့ ပညာရေးဝန်ကြီးဌာနက ဖြေကြားသွားတဲ့ အဖြေကိုကြားရတဲ့အတွက် အားလုံး ဒီလိုလာရောက်ဖြေကြားပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့ ဒီနေ့အချိန်မှာ ကျောင်းတွေအသီးသီးကို အဆင့်တိုးမြှင့်ပေးတယ်။ တိုးမြှင့်ပေးတာက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း ဒီလွှတ်တော်ထဲမှာ ကျွန်တော်တို့ တိုးမြှင့်ပေးဖို့ အချိန်တိုင်းမှာတောင်းဆိုခဲ့ကြတယ်။ ဒါပေမဲ့ ကျောင်းအဆင့်တိုးမြှင့်ပေးသော်လည်းပဲ ပေးကားပေး၏ မရဆိုသလိုဖြစ်နေတာ။ ကျွန်တော်တို့ ဖြစ်နေတာက ကျောင်းအဆင့်တိုးမြှင့်ပြီး ဆရာဆရာမ မရှိတော့ ဒီကျောင်းသားက ဒီဆရာနဲ့ပဲ ဒီလိုပဲပြန်သင်နေကြရတယ်။ အဲဒီအခါမှာ ဆရာဆရာမတွေက အတန်းတွေများလာတဲ့အတွက် ဆရာဆရာမတွေမှာလည်း ဝန်ထုပ်ဝန်ပိုးဖြစ်စေပါတယ်။ ကျောင်းသားကျောင်းသူလည်း မှန်ကန်တဲ့ပညာမရဘူး။ ဒါကြောင့်မို့လို့ ဒီလိုဟာမျိုးတွေက တစ်နိုင်ငံလုံးနဲ့အနှံ့မှာဖြစ်ပေါ်လာတဲ့အတွက် ကျွန်တော်တို့ လွှတ်တော်ကြီးမှာ မေးခွန်းတစ်ရပ်အနေနဲ့ ပေါ်ပေါက်လာရခြင်းဖြစ်ပါတယ်။ အခုနက ဝန်ကြီးရဲ့ဖြေကြားချက်ထဲမှာ အခုမှ စီမံဆောင်ရွက်ဖို့ စီစဉ်နေပါတယ်ဆိုတော့ ကျွန်တော်တို့က ဒီနှစ်ဘတ်ဂျက်အတွက် တိုးမြှင့်ခန့်ထားပေးဖို့ အစီအမံမရှိသေးဘူးဆိုတဲ့သဘောမျိုးရှိပါသလား။ သို့မဟုတ် စီမံဆောင်ရွက်ပြီး ဘတ်ဂျက်အနေအထားကြောင့် မခန့်နိုင်သေးတာလားဆိုတာကို သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ရှေ့ဦးစွာ ကျောင်းအဆင့်တိုးမြှင့်ခြင်းအတွက် ခွင့်ပြုချက်အရင် တင်ပြတောင်းခံပါတယ်။ ဒီခွင့်ပြုချက်ရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် နိုင်ငံတော်အစိုးရအဖွဲ့ကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့ ဖွဲ့စည်းပုံရမှသာ ဒီဖွဲ့စည်းပုံအရ ကိုက်ညီတဲ့ ဝန်ထမ်းဦးရေစာရင်းတင်ပြခြင်း၊ ခန့်ထားရန်ဘဏ္ဍာငွေတင်ပြခြင်း၊ အဆောက်အဦတိုးချဲ့ရန်၊ စာသင်ခန်းတိုးချဲ့ရန် စသဖြင့် လိုအပ်သော ဘဏ္ဍာငွေသုံးစွဲမှုများကို တင်ပြခြင်းများ ဆက်လက်ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်တို့ ဆောင်ရွက်ရတဲ့နေရာမှာ နှစ်စဉ် အဆင့်ဆင့်တင်ပြဆောင်ရွက်ရခြင်းဖြစ်တဲ့အတွက် ဒီပညာရေးအဆင့်မြှင့်ခြင်းလုပ်ငန်းများကိုလည်း နှစ်စဉ်

ဘဏ္ဍာရေးနှစ်အလိုက် ပြည့်စုံအောင်ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်တွင် အမည်၊ အမိအဘတို့၏အမည်၊ မွေးသက္ကရာဇ်စသည်ဖြင့် လွဲချော်နေမှုများကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြင်ဆင်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မှာ အမည်၊ အဖအမည်၊ အမိအမည်၊ မွေးသက္ကရာဇ်စသည်ဖြင့် လွဲချော်နေမှုတွေကို ပညာရေးဝန်ကြီးဌာနအနေနဲ့ ပြင်ဆင်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းလိုတာပဲဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်၊ ၁၀ တန်းအောင်လက်မှတ်ဟာ အလွန်အရေးကြီးပါတယ်။ တက္ကသိုလ်ဆက်တက်ဖို့ နေ့ကျောင်းသားပဲဖြစ်ဖြစ်၊ အဝေးသင်ကျောင်းသားပဲဖြစ်ဖြစ် တက်မယ်ဆိုရင် အောင်လက်မှတ်ပြရပါတယ်။ ဒီလိုပါပဲ အလုပ်ဝင်တဲ့အခါမှာလည်း အစိုးရအလုပ်ပဲဖြစ်ဖြစ်၊ ပုဂ္ဂလိကအလုပ်တွေပဲဖြစ်ဖြစ် ပညာရေးအထောက်အထားအတွက်ဆိုရင် အောင်လက်မှတ်ပြရပါတယ်။ နောက်ဆုံးအနေနဲ့ အစိုးရအလုပ်က ပင်စင်ယူမယ်ဆိုရင်တောင်မှ အသက် ၆၀ ပြည့်ပြီး ပင်စင်တင်လိုက်ပြီဆိုရင် ကျွန်တော်တို့က အသက်အထောက်အထားအတွက် လွန်ခဲ့တဲ့ နှစ် ၄၀၊ ၄၅ နှစ်လောက်ကအောင်ထားတဲ့ ၁၀ တန်းအောင်လက်မှတ်ကလေးကို ရအောင်ရှာပြီး တင်ပေးရပါတယ်။ အဲဒီတော့ အသက်အတွက်ပဲဖြစ်ဖြစ်၊ ပညာအရည်အချင်းအတွက်ပဲဖြစ်ဖြစ် တစ်နိုင်ငံလုံးက အားထားရတဲ့ ခိုင်မာတိကျတဲ့ မှတ်တမ်းတစ်စောင်အဖြစ် ရှိနေတာဟာ အလွန်ဂုဏ်ယူစရာကောင်းပါတယ်။ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနအနေနဲ့လည်း ဝမ်းမြောက်ဂုဏ်ယူစရာကောင်းတဲ့အချက်ပဲဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီလောက်အရေးကြီးပါတယ်ဆိုတဲ့ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မှာ လွဲချော်မှုလေးတွေ ရှိနေတာတွေ့ရပါတယ်။ စာလုံးပေါင်းလွဲမှားမှု၊ န-သတ်၊ မ-သတ် စသည်ဖြင့် လွဲမှားမှုလေးတွေ၊ မွေးသက္ကရာဇ်လွဲမှားနေမှုတွေ၊ ခေါ်ဆိုတဲ့အမည်မပါတာတွေ၊ အဖေနံမည်၊ အမေနံမည်တွေ လွဲချော်နေတာတွေ ကြုံတွေ့ရပါတယ်။ ဒါတွေဟာ ပညာရေးဝန်ကြီးဌာန၊ စာစစ်ဦးစီးဌာနရဲ့အမှားတွေမဟုတ်ဘဲ ကာယကံရှင်ကလေးတွေရဲ့ စာမေးပွဲပုံစံဖြည့်သွင်းရာမှာ မှားယွင်းစွာဖြည့်သွင်းမိလို့ပဲဖြစ်ပါတယ်။ တက္ကသိုလ်ဆက်တက်ဖို့၊ အလုပ်ဝင်ဖို့အတွက် အောင်လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)တို့နဲ့ တိုက်ဆိုင်စစ်ဆေးပြီးတော့ ကိုက်ညီမှုမရှိတာတွေ တွေ့ရပြီး ကျောင်းဆက်တက်မရ၊ အလုပ်ဝင်လုပ်လို့မရ စသည်ဖြင့် ကြုံတွေ့ကြရပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မှာဆိုရင် တိုင်းရင်းသားတွေနေတဲ့ရွာလေးထဲက ရွာလေးတစ်ရွာဟာ ၁၀ တန်းအောင်တဲ့သူအတော်နည်းပါတယ်။ အောင်တဲ့ ကျောင်းသူလေးကလည်း အဖေနံမည် လွဲနေပါတယ်။ ကျွန်တော့်မှာ ဓာတ်ပုံတွေ၊ အောင်လက်မှတ်၊ အထောက်အထားတွေ၊ နောက်တစ်ခါ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်း စသည်ဖြင့် အထောက်အထားအပြည့်အစုံရှိပါတယ်။ အဲဒီတော့ ဒီဟာတွေကိုတော့ ကာယံရှင်ရဲ့ဓာတ်ပုံတွေ၊ အမည်တွေ၊ လိပ်စာတွေပါနေတဲ့အတွက် ကျွန်တော် Power Point ထိုးမပြခြင်းပဲဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခု ၂၀၁၇ ခုနှစ် အောင်စာရင်းမထွက်ခင် ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်လွဲချော်နေမှုအတွက် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနကို ကျွန်တော်ကိုယ်တိုင်ပဲ သွားရောက်ပြီးတင်ပြခဲ့ပါတယ်။ ပြင်ဆင်ပေးဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ ပြင်ဆင်မပေးနိုင်ခဲ့ပါဘူး။ အဲဒီလို လွဲနေတာလည်း အဲဒီနှစ်မှာတင် လေး၊ ငါးယောက်ရှိတယ်လို့ ပြောပါတယ်။ အရင့်အရင်နှစ်တွေကလည်း ဒီလိုမျိုးတွေရှိတယ်လို့ စုံစမ်းသိရှိရပါတယ်။ ဒါကြောင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ပြီးသော်လည်း လွဲမှားမှုတွေကြောင့် လူငယ်တွေမှာ အသက်မသေသော်လည်း ဘဝကဆက်ပြီးတော့ ကြိုးစားလို့မရနိုင်တဲ့အတွက် ဘဝသေသလိုမျိုးအဖြစ်မျိုးနဲ့ ကြုံတွေ့နေရပါတယ်။ ဒီလိုအဖြစ်မျိုးမကြုံရအောင် အထောက်အထားတွေ ခိုင်လုံစွာရရှိလို့ရှိရင်၊ အထောက်အထားခိုင်လုံစွာဆိုတာက သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မူလစဝင်တဲ့ကျောင်း၊ ကျောင်းဝင်စာရင်း၊ သက်ဆိုင်ရာကျောင်းအုပ်ဆရာကြီးရဲ့ ထောက်ခံချက်၊ ဒါမှမဟုတ်ရင်လည်း တရားရုံးမှာ ကျမ်းသစ္စာကျိန်ဆိုခြင်း စတဲ့ခိုင်လုံတဲ့ထောက်ခံချက်တွေရှိမယ်ဆိုရင် လွဲချော်နေမှုတွေကို ပြင်ဆင်ပေးသင့်ပါတယ်။ အဲဒီလို ပြင်ဆင်ပေးမှလည်း ဒီကလေး

တွေရဲ့ဘဝတက်လမ်းဟာ အညွန့်တလူလူနဲ့ ဆက်တက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်အဲဒီလို လွဲချော်နေမှုတွေကို ပြင်ဆင်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးဖြစ်သော ဒေါက်တာသန်းအောင်စိုးရဲ့မေးခွန်းဖြစ်သည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်တွင် အမည်၊ အဘအမိတို့၏အမည်၊ မွေးသက္ကရာဇ်စသည်ဖြင့် အချက်အလက်လွဲချော်နေမှုများကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြင်ဆင်ပေးနိုင်ခြင်းရှိ/မရှိဆိုတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မြန်မာနိုင်ငံမှာ ကျောင်းနေအရွယ်ကလေးများဟာ ကျောင်းနေအရွယ်သတ်မှတ်အသက်ပြည့်မီပြီဆိုတာနဲ့ အခြေခံပညာကျောင်းများသို့ မူလတန်းအဆင့်မှာ ပညာသင်ယူဖို့အတွက် ကျောင်းအပ်နှံရပါကြောင်း တင်ပြအပ်ပါတယ်။ အဲဒီလိုကျောင်းအပ်နှံတဲ့အခါမှာ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပေးသော မွေးစာရင်း၊ သို့တည်းမဟုတ် မွေးစာရင်းမရရှိဘူးဆိုရင်လည်း သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးမှ ထောက်ခံစာ၊ သို့တည်းမဟုတ် ကျောင်းတစ်ကျောင်းမှ တစ်ကျောင်းအပြောင်း ကျောင်းပြောင်းစာအုပ်နောက်ကျောဖုံးမှာပါတဲ့ ပုံစံ(၁၀/က)မှာ အချက်အလက်များဖြည့်သွင်းပြီး အခြေခံပညာကျောင်းများမှာ ကျောင်းအပ်နှံကြရပါတယ်။ အဆိုပါကလေးများဟာ အခြေခံပညာအဆင့်မှာ ပညာသင်ယူချိန်မှာတော့ သက်ဆိုင်ရာကျောင်းတွေရဲ့ကျောင်းသားကျောင်းသူ မွေးသက္ကရာဇ်မှတ်ပုံတင်ပုံစံ(ခ)မှာ မှတ်ပုံတင်ရေးသွင်းပြီး ကျောင်းဝင်မှတ်ပုံတင်အဖြစ် ဆောင်ရွက်ရပါတယ်။ ကျောင်းဝင်မှတ်ပုံတင်ပုံစံ(ခ) စာရင်းစာအုပ်မှာ နှစ်စဉ်နှစ်တိုင်း၊ အောင်စာရင်းထွက်တဲ့အခါတိုင်း သက်ဆိုင်ရာကျောင်းအုပ်ကြီးများက စာမေးပွဲအောင်မြင်သူ ကျောင်းသားကျောင်းသူများရဲ့စာရင်း၊

သက်ဆိုင်ရာအောင်စာရင်းထွက်ရက်၊ အောင်/ရှုံးစာရင်းရေးသွင်းပြီး လက်မှတ်တိုရေးထိုး မှတ်တမ်းတင်ဆောင်ရွက်ရပါတယ်။ အခြေခံပညာအဆင့်ဖြစ်တဲ့ သူငယ်တန်းမှ ဒသမတန်းအထိ တက်ရောက်နေစဉ်အတွင်း ကျောင်းသူကျောင်းသားများ၏အမည် လွဲမှားမှု၊ အဘအမည်၊ အမိအမည် လွဲမှားမှု၊ မွေးသက္ကရာဇ်ရေးသွင်းမှု မှားယွင်းမှု။ ဒါတွေဟာ အမှန်တကယ်မှားယွင်းခဲ့တဲ့အချက်များ၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်လို့ရရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒီအချက်အလက်ပြောင်းခြင်းနဲ့ပတ်သက်လို့ ပြင်ဆင်လိုသောအချက်များကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများထံ တင်ပြလျှောက်ထားပြီး ကျောင်းအုပ်ကြီးမှတစ်ဆင့် အဆင့်ဆင့်တင်ပြခွင့်ပြုချက်ယူပြီး ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းတင်ပြအပ်ပါတယ်။ ဒသမတန်းရောက်ရှိလို့ တက္ကသိုလ်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာတင်သွင်းချိန်မှာလည်း သက်ဆိုင်ရာကျောင်းအုပ်ကြီးက ဖော်ပြပါကျောင်းသားကျောင်းသူများရဲ့ မွေးသက္ကရာဇ်၊ မိဘအမည် အချက်အလက်အားလုံးကို မှတ်ပုံတင်ပုံစံ(ခ)နှင့် ဖြေဆိုခွင့်လျှောက်လွှာ ကျောင်းသားမိဘကိုယ်တိုင်ရေးသွင်းတဲ့အချက်အလက်များကို သေချာစွာတိုက်ဆိုင်စစ်ဆေးပြီးမှ စာမေးပွဲဖြေဆိုသူများရဲ့အချက်အလက်၊ စာရင်းပေါင်းချုပ်နှင့်တကွ အချက်အလက်များမှန်ကန်ကြောင်း သက်ဆိုင်ရာဆရာဆရာမအဆင့်ဆင့်က တာဝန်ခံလက်မှတ်ရေးထိုးပြီး တင်ပြဆောင်ရွက်ရပါတယ်။ ကျောင်းအုပ်ကြီးက ကျောင်းသူကျောင်းသားများရဲ့မွေးသက္ကရာဇ်ပုံစံ(ခ)နှင့် ထပ်မံတိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ကြောင်းလက်မှတ်ရေးထိုး၊ ကျောင်းတံဆိပ်ရိုက်ပြီးမှသာ မြန်မာနိုင်ငံစာစစ်ဌာနသို့ စာရင်းပေးပို့ရပါတယ်။ သက်ဆိုင်ရာကျောင်းအုပ်ကြီးရဲ့စာမေးပွဲဖြေဆိုရန် တင်ပြတဲ့ဖြေဆိုသူများရဲ့ အချက်အလက်စာရင်းပေါင်းချုပ်နှင့် လျှောက်လွှာများပါအတိုင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက မှတ်တမ်းစာရင်းရေးသွင်းပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသူကျောင်းသားများစာရင်းကို စာရင်းပြုစုဆောင်ရွက်ရပါတယ်။ ဒီလိုအထပ်ထပ်စစ်ဆေးပြီးတဲ့ စာရင်းငါးစုံနှင့် ဖြေဆိုခွင့်ကတ်ပြားများကို သတ်မှတ်ထားတဲ့ညွှန်ကြားချက်များနဲ့အညီ သက်ဆိုင်ရာစာစစ်ဌာနများသို့ အချိန်မီဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီစာရင်းတွေအထိ တိုက်ဆိုင်စစ်ဆေးပြီး ကွဲလွဲမှုတစ်စုံတစ်ရာရှိရင် အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ဆောင်ရွက်နိုင်ရန် ပြန်လည်ပေးပို့နိုင်ကြောင်း ညွှန်ကြားချက်တစ်ပါတည်းပါရှိပြီးဖြစ်ပါတယ်။ အဲဒီစာရင်းတွေကို သက်ဆိုင်ရာစာစစ်ဌာနမှ ကျောင်းအုပ်ကြီး သို့မဟုတ် စာစစ်ဌာနကြီးကြပ်ရေးမှူးမှ ထပ်မံပြန်လည်စစ်ဆေးပြီး ကွဲလွဲချက်တစ်စုံတစ်ရာရှိတယ်ဆိုရင် ထပ်မံပြင်ဆင်ပြီး ကွဲလွဲချက်စာရင်းကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ပြန်လည်ပေးပို့အပ်ပါတယ်။ အဲဒီလိုပေးပို့တဲ့အခါမှာ အမှန်စာရင်းအတိုင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက စာရင်းအမှန်ဖြင့် ထပ်မံ

မှတ်တမ်းရေးသွင်း ဆောင်ရွက်ပေးပါတယ်။ ထပ်မံကွဲလွဲချက်များရှိမယ်ဆိုရင်တောင် အောင်စာရင်း မထုတ်ပြန်မီအထိ အဆိုပါကွဲလွဲချက်များကို အထောက်အထားပြည့်စုံမှန်ကန်စွာနဲ့ တင်ပြမယ်ဆိုရင် ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

ကျောင်းသူကျောင်းသားများအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုတဲ့အခါမှာ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများ မိမိလက်ဝယ်ရောက်ရှိချိန်မှာ မိမိအမည်၊ မွေးသက္ကရာဇ်၊ အဘအမည်၊ အမိအမည်စတဲ့ ကိုယ်ရေးအချက်အလက်များကို မှန်/မမှန်စစ်ဆေးပြီး ကွာဟမှု၊ မှားယွင်းမှုရှိနေပြီ ဆိုရင် သက်ဆိုင်ရာစာမေးပွဲကြီးကြပ်ရေးမှူးများထံ တင်ပြလို့ရပါတယ်။ ဒီလိုကွဲလွဲမှုတွေကို စာစစ်ဌာန ကြီးကြပ်ရေးမှူးများမှ မူလမှတ်ပုံတင်စာရင်းနှင့် ပြန်လည်တိုက်ဆိုင်စစ်ဆေးပြီး ကွဲလွဲချက်တွေကို ပြင်ဆင်ပေးဖို့အတွက် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့မယ်ဆိုရင် စိစစ်ပြီးပြင်ဆင်ဆောင်ရွက် ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနအနေနဲ့ တက္ကသိုလ်ဝင် အောင်စာရင်းထုတ်ပြန်ကြေညာပြီးတဲ့အခါမှာ အောင်မြင်ပြီးသူများရဲ့ ဖြေဆိုခွင့်ကတ်ပြားများကို သီးသန့်ခွဲခြားပြီး စာရင်းပြုစုဆောင်ရွက်ပါတယ်။ အောင်လက်မှတ်ထုတ်ယူချိန်မှာလည်း အောင်မြင်သူ တွေရဲ့စာမေးပွဲဖြေဆိုခွင့်၊ လျှောက်လွှာတင်သွင်းစဉ်က ၎င်းတို့၏ကာယကံရှင်ကိုယ်တိုင် ရေးသွင်း မှတ်တမ်းတင်ထားတဲ့ဖြေဆိုခွင့်ကတ်ပြား၊ အချက်အလက်များ ထပ်မံတိုက်ဆိုင်စစ်ဆေးပြီး အောင် လက်မှတ်ကတ်ပြားပေါ်တွင် အချက်အလက်များရေးသွင်းပြီး အဆင့်ဆင့်ပြန်လည်စစ်ဆေးပြီးမှ အောင်လက်မှတ်များထုတ်ပေးပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုပြီး၍ အောင်စာရင်းထွက်ရှိပြီး တက္ကသိုလ်ဝင်အောင်လက်မှတ်ထုတ်ပေးပြီးချိန်တွင် မွေးသက္ကရာဇ်၊ အဘအမည်၊ အမိအမည်စတဲ့ကွဲလွဲချက်တွေကို ပြင်ဆင်ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း တင်ပြအပ်ပါတယ်။ အချုပ်အားဖြင့် ကျောင်းဝင်မူလတန်းအဆင့်မှတ်ပုံတင်စဉ်က ဒသမ တန်းရောက်သည်အထိ ကာလများအတွင်း အောင်စာရင်းထွက်တိုင်း အချက်အလက်များမှားယွင်းရင် ပြင်ဆင်ခွင့်ပြုခဲ့ပေမဲ့ အထပ်ထပ်စိစစ်ပြီး တက္ကသိုလ်ဝင်အောင်လက်မှတ်ဆောင်ရွက်ပြီးချိန်တွင်တော့ ပြင်ဆင်ရန် ဆောင်ရွက်ပေးခြင်းမရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ အခုလိုဖြေကြားပေးတဲ့ ပညာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီးကို အထူးကျေးဇူးတင်ရှိပါတယ်။ အခုဝန်ကြီးတို့လုပ်သလိုပဲ ကျောင်းစအပ်က တည်းက အဆင့်ဆင့်စနစ်တကျစစ်ဆေးခဲ့ပါတယ်။ သက်ဆိုင်ရာအတန်းတွေမှာလည်းပဲ မှားရင်

ပြင်ပေးဖို့ ပြောခဲ့တာတွေလည်း သိရပါတယ်။ နောက်ဆုံးဒသမတန်းရောက်တဲ့အထိ ဒီအတန်းမှာလည်းပဲ ကွဲလွဲနေရင်လည်း ပြင်လို့ရပါသေးတယ်။ စာမေးပွဲမဖြေခင်လည်း ပြင်လို့ရပါသေးတယ်။ ဖြေနေတုန်းမှာမှားနေရင်လည်း ပြင်လို့ရပါသေးတယ်။ ဒါပေမဲ့ ဒီအချက်တွေကို ကလေးတွေက ဂရုမပြုမိပါဘူး။ အထပ်ထပ်စစ်ဖို့ အခွင့်အရေးပေးခဲ့ပေမဲ့လည်းပဲ ဒီကလေးတွေမှာ မပြုပြင်ခဲ့ဘူး။ ဒါပေမဲ့ အခုအောင်လက်မှတ်ထုတ်ပြီးတဲ့အချိန်ကျတော့မှ သူတို့ဒါကို သတိထားမိပါတယ်။ ကျောင်းဆက်တက်ဖို့ပဲဖြစ်ဖြစ်၊ တက္ကသိုလ်ဆက်တက်ဖို့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် အလုပ်ဝင်ဖို့ပဲဖြစ်ဖြစ် အဲဒီအခါမှာ သူတို့ရဲ့ ဒီအခက်အခဲကို ကြုံတွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့က အဆင့်ဆင့် မင်းတို့ပြင်ဆိုတဲ့အချိန်တုန်းက မပြင်ခဲ့ဘူး။ အခုမှားနေတယ်။ တို့မပြင်ပေးတော့ဘူးဆိုရင် ဒီကလေးတွေမှာ အခုနက ကျွန်တော်တင်ပြခဲ့သလိုပဲ လူသာအသက်ရှင်ပြီး ဘဝသေရမယ့်အဖြစ်မျိုး ဖြစ်နေပါတယ်။ ဒါကြောင့် ပညာရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ဒီအချက်ကိုဘယ်လိုညှိနှိုင်းဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို ကျွန်တော်သိရှိလိုတဲ့အတွက် လေးစားစွာမေးမြန်းရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖြေသွားပြီးပါပြီ။ ပြန်ဖြေပေးလိုက်ပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ငယ်စဉ်အရွယ်၊ ကလေးအရွယ်၊ မူလတန်းဝင်ကတည်းကနေ ဒသမတန်းဖြေဆိုချိန်အထိ အချက်အလက်များ မှားယွင်းခြင်းမရှိစေရန် အထပ်ထပ်စိစစ်ပြီးဖြစ်ပါတယ်။ စိစစ်တဲ့နေရာမှာလည်း ကာယကံရှင်များရဲ့ရေးသွင်းချက်၊ သက်ဆိုင်ရာကျန်းမာရေးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ အထောက်အထား စသဖြင့် တတ်နိုင်သမျှ အချက်အလက်မှန်ကန်အောင်၊ ပြည့်စုံအောင်ဆောင်ရွက်ရပါတယ်။ ဒီတက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်ထုတ်ပေးပြီးချိန်မှာတော့ ပြန်လည်ပြင်ဆင်ရန် အစီအစဉ်မရှိကြောင်း ကျွန်တော်တင်ပြခဲ့ပါတယ်။ ဒီတင်ပြရခြင်းအကြောင်းရင်းကလည်း ကိုယ်စားလှယ်တော်ကြီးအမိန့်ရှိသလို ဒီတက္ကသိုလ်ဝင်အောင်လက်မှတ်မှာ နောက်နောင်ဆက်လက်ပညာဆည်းပူးရန်အတွက်လည်းကောင်း၊ အလုပ်ခွင်ဝင်ရောက်ရန်အတွက်လည်းကောင်း၊ သက်ပြည့်ပင်စင်အငြိမ်းစားယူရန်အတွက်လည်းကောင်း၊ ခိုင်မာတဲ့တစ်ခုတည်းသော အထောက်အထားဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အတည်ပြုပြီးသားလက်မှတ်တစ်ခုကို ပင်စင်ယူခါနီးမှဖြစ်ဖြစ်၊ တစ်နည်းမဟုတ် ရာထူးတိုးလျှောက်ထားခါနီးမှဖြစ်ဖြစ်၊ တစ်နည်းအားဖြင့် အသက်ကန့်သတ်ချက်ရှိတဲ့

သင်တန်းများ၊ လုပ်ငန်းများဆောင်ရွက်ရာမှာ ဒီအချိန်ကျမှပြင်ဆင်ဖို့လျှောက်ထားလာရင် အလွန်ခက်ခဲတဲ့အခြေအနေဖြစ်ပါတယ်။ သို့ပါ၍ ဒီကာလအပိုင်းအခြားတစ်ခုအထိတော့ အချက်အလက်မှန်ကန်အောင် ပြင်ဆင်ခွင့်ပြုပြီး အတည်ပြုပြဋ္ဌာန်းအောင်လက်မှတ်ထုတ်ပေးပြီးတဲ့အချိန်ကျရင်တော့ ပြင်ဆင်ရန် အများကြီးအခက်အခဲရှိပါတယ်။ သို့သော် ကိုယ်စားလှယ်တော်ကြီးအမိန့်ရှိသလို တခြားသောအဖွဲ့အစည်းများဖြစ်တဲ့ ဝန်ထမ်းရွေးချယ်ရေးအဖွဲ့တို့၊ တခြားသောဝန်ကြီးဌာနများ သဘောထားတို့နဲ့တော့ ကျွန်တော်တို့ညှိနှိုင်းဆောင်ရွက်ရန် စီစဉ်ပါမည်ဖြစ်ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ပြင်ဦးလွင်မြို့နယ်၊ ပြင်စာ၊ ရေငယ်၊ ရွှေသင်း အ.ထ.က(ခွဲ)ကျောင်းများအား အထက်တန်းကျောင်းအဆင့်သို့လည်းကောင်း၊ ဟိုလိပ်၊ ကံဗျူး၊ ပြင်ကြီး၊ ပိန္နဲကုန်း အ.လ.က(ခွဲ)များကို အလယ်တန်းကျောင်းအဆင့်သို့လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်ခင်(ပြင်ဦးလွင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ပြင်ဦးလွင်မြို့နယ်တွင် သက်ဆိုင်ရာပတ်ဝန်းကျင်ရွာကျောင်းများမှ ဆက်လက်ပညာသင်ရန် လိုအပ်နေသော ပင်ဆာ အ.ထ.က(ခွဲ)၊ ရေငယ် အ.ထ.က(ခွဲ)၊ ရွှေသင်း အ.ထ.က(ခွဲ)ကျောင်းများမှ အထက်တန်းကျောင်းအဆင့်သို့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ အဆင့်တိုးမြှင့်ရန်အစီအစဉ်ရှိ/မရှိ မေးမြန်းမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီစာသင်နှစ်မှာပဲ ကျောင်းဖွင့်ရာသီမှာ ကျန်တဲ့ကျောင်းတွေဟာ အဆင့်တိုးမြှင့်ပြီးဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးရဲ့စေတနာနဲ့ ပညာရေးတာဝန်ရှိပုဂ္ဂိုလ်များရဲ့ကြိုးပမ်းမှုကြောင့် ၂၀၁၇ ခုနှစ် ကျောင်းဖွင့်အမှီမှာ ပြင်ဦးလွင်မြို့နယ်တွင် အ.လ.က(ခွဲ)မှ အလယ်တန်းကျောင်းအဆင့်သို့ ကျောင်းကိုးကျောင်း တိုးမြှင့်ပေးခဲ့တဲ့အတွက် မဲဆန္ဒရှင်ပြည်သူများကိုယ်စား များစွာကျေးဇူးတင်ရှိပါတယ်။ ကျေးရွာသုံးရွာမှာလည်း အလယ်တန်းကျောင်းသုံးကျောင်းချထားပေးခဲ့တဲ့အတွက် ကျေးလက်ပညာရေးဖွံ့ဖြိုးလာမှာဖြစ်သလို မူလတန်းမှ မူလွန်ခုနစ်တန်းအထိ ကျောင်းသုံးကျောင်း၊ မူလွန်ခုနစ်တန်းအထိ တင်လို့ရတဲ့ကျောင်းမှ အလယ်တန်းခွဲ ရှစ်တန်းအထိ တင်လို့ရတဲ့ကျောင်းအထိ ခုနစ်ကျောင်း တိုးမြှင့်ပေးလိုက်တာ တွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ဦးလွင်မြို့နယ်မှာ အခြေခံ

ပညာမူလတန်းကျောင်းပေါင်း ၈၃ ကျောင်းအပါအဝင် အခြေခံပညာကျောင်းပေါင်း ၁၄၀ ကျောင်းမှာ ပညာရည်နို့ သောက်စို့နေကြရပါတယ်။ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၇)မှာ သီးခြားရွာဖြစ်နေတဲ့ သာယာကုန်းအရှေ့၊ အလယ်၊ အနောက်သုံးရွာပေါင်းနဲ့ သာယာကုန်းရွာမှာ မူလတန်းကျောင်းမရှိဘဲနဲ့ ကျောင်းသားဦးရေ ၆၀ လောက် ပညာသင်ကြားရာမှာ ဒုက္ခရောက်နေကြပါတယ်။ အဲဒီတော့ ရပ်ကွက်ကြီး(၇)နဲ့ နှစ်မိုင်သုံးမိုင်လောက်ဝေးတဲ့ သွားရေးလာရေးခက်ခဲတဲ့ အဲဒီမှာ မူလတန်းကျောင်း အမြန်ချပေးဖို့လည်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ဦးလွင်မြို့နယ်၊ ပြင်စာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲဟာ အနီးစခန်း အခြေခံပညာအထက်တန်းကျောင်းနှင့် ကိုးမိုင်ဝေးပြီးတော့ ပြင်စာရွာနှင့်အနီးပတ်ဝန်းကျင် ကျေးရွာပေါင်း ၁၉ ရွာ၊ လူဦးရေနှစ်သောင်းခွဲကျော်ခန့် အဲဒီမှာပဲ ရတနာပုံ Cyber City နည်းပညာ တက္ကသိုလ်လည်း ပါဝင်ပါတယ်။ ကျောင်းသားကျောင်းသူများဟာ အထက်တန်းအဆင့် ပညာသင်ကြား ရာကျောင်းဖြစ်ပါတယ်။ ကျောင်းဝန်းမြေဧရိယာ ၅.၂၀ ဧက မြေစာရင်းဂရန်ပေါက်ပြီးဖြစ်ပါတယ်။ အဲဒီမှာ တစ်ထပ်ကျောင်းဆောင် လေးဆောင်၊ နှစ်ထပ်ကျောင်းဆောင် နှစ်ဆောင်၊ သိပ္ပံလက်တွေ့ ဆောင် တစ်ဆောင် စုစုပေါင်း ခုနစ်ဆောင်ရှိပြီးတော့ ၁၆ ခန်းပါတဲ့ဝန်ထမ်းအိမ်ရာ အဆောက်အဦ တစ်ခုလည်းရှိနေခြင်းကိုကြည့်ခြင်းအားဖြင့် မိဘပြည်သူများနှင့် အလှူရှင်များပူးပေါင်းပြီးတော့ ဆောက်လုပ်လှူဒါန်းထားတာဟာ ပညာရေးကိုစိတ်ဝင်စားကြောင်း တွေ့ရပါတယ်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ ကျောင်းမှာရှိတဲ့ကျောင်းသားဦးရေဟာ ၅၈၀ ရှိပြီးတော့ အထက်တန်းကျောင်းသား ဦးရေ ၉၃ ဦးရှိနေပါတယ်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာတော့ ကျောင်းသားဦးရေ ၆၀၅ ဦး ဖြစ်ပြီးတော့ အထက်တန်းကျောင်းသားဦးရေ ၁၀၇ ဦးရှိပါတယ်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျောင်း အကျိုးတော်ဆောင်အဖွဲ့၊ ကျေးလက်နေပြည်သူတွေ၊ ကျောင်းသူကျောင်းသားတွေဟာ ပညာရေးကို စိတ်ဝင်စားပြီးတော့ ကျောင်းအဆင့်တိုးမြှင့်မှုကို လိုလားလျက်ရှိတဲ့အတွက် ကျွန်တော့်အနေနဲ့ အထက်တန်းကျောင်းအဆင့် တိုးပေးလိုတဲ့ဆန္ဒနဲ့တင်ပြခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ကျောင်းသား ဦးရေဟာလည်း အထက်တန်းကျောင်းသားဦးရေကို ပြောမယ်ဆိုလို့ရှိရင် ၃၉၆ ဦးရှိပြီးတော့ ပတ်ဝန်းကျင်ကျေးရွာများ မှာလည်း Grade 9, Grade 10 ကျောင်းသား ၇၅ ဦးခန့် တက်ရောက်ရန် အခြေအနေရှိပါတယ်။ ထိုနည်းတူစွာပဲ ကျွန်တော်တို့က အ.ထ.က(ခွဲ)ရေခွဲနဲ့ ရေငယ်နဲ့ ရွှေသင်း ကျောင်းများမှာလည်း အထက်တန်းကျောင်းတိုးမြှင့်ပေးဖို့ရာ လိုအပ်လျက်ရှိပါတယ်။ ထို့အတူ အထက်တန်းကျောင်းခွဲများမှာ အထက်တန်းကျောင်းတစ်ကျောင်းရဲ့ အင်္ဂါရပ်နဲ့လည်းညီညွတ်ပြီးတော့

ကျောင်းပရိဘောဂများလည်း လိုလောက်လျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါကျေးရွာများ နှင့် ပတ်ဝန်းကျင်မှာရှိတဲ့ လူဦးရေဟာပိုမိုလာပြီးတော့ ကျောင်းအဆင့်တိုးမြှင့်ဖို့ လိုအပ်လျက်ရှိပါ တယ်။ ၂-၁-၂၀၁၇ ရက်နေ့မှာ လည်းကောင်း၊ ၁၉-၄-၂၀၁၇ ရက်နေ့မှာလည်းကောင်း ပြည်ထောင်စု ဝန်ကြီးနဲ့ ဒုတိယဝန်ကြီးရဲ့ခရီးစဉ်မှာ ပညာရေးအဆင့်မြှင့်တင်ပေးမယ်လို့ပြောတဲ့အတွက် အခုလို ပြင်ဦးလွင်မြို့နယ် သက်ဆိုင်ရာပတ်ဝန်းကျင်များမှကျောင်းများကို အထက်တန်းကျောင်းအဖြစ် အဆင့်မြှင့်ပေးပါရန် လေးနက်စွာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော် ကပဲ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကြီး ဒေါက်တာအောင်ခင်၏မေးခွန်းဖြစ်သော ပြင်ဦးလွင်မြို့နယ်တွင် သက်ဆိုင်ရာပတ်ဝန်းကျင်ရွာ ကျောင်းများမှ ဆက်လက်ပညာသင်ရန်လိုအပ်နေသော ပြင်စာ အ.ထ.က(ခွဲ)၊ ရေငယ် အ.ထ.က(ခွဲ)၊ ရွှေသင်း အ.ထ.က(ခွဲ)ကျောင်းများမှ အထက်တန်းကျောင်းအဆင့်သို့လည်းကောင်း၊ ဝေးလံခက်ခဲ သော ဟိုလိပ်၊ ကံဗျူး၊ ပြင်ကြီး၊ ပိန္နဲကုန်း အ.လ.က(ခွဲ)များကို အလယ်တန်းများအဆင့်သို့ လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း အဆင့်တိုးမြှင့်ရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်း နဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ပညာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံအတွင်း လူငယ်လူရွယ်များအားလုံး ပညာသင်အခွင့်အလမ်း ပြည့်ဝစွာရရှိရေးအတွက် သက်ဆိုင်ရာကျောင်း များ အဆင့်မြှင့်တင်ရေးကို ခွင့်ပြုဘဏ္ဍာငွေဘောင်အတွင်းကနေ တတ်အားသရွေ့ ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ဒီနှစ်အတွင်းမှာဆိုရင် ဒီပညာရေး ဝန်ကြီးဌာနရဲ့ သတ်မှတ်ချက်အရ ပြည့်မီတဲ့အခြေခံပညာ ၄၁၂ ကျောင်းရှိပေမဲ့ ဒီဝေးလံတဲ့နေရာတွေ၊ နောက်တစ်ခါ ကျောင်းသားတွေ ပညာသင်မှုအခွင့်အလမ်း ပိုမိုရရှိရန်ရည်ရွယ်ပြီး အဆင့်တိုးမြှင့် ပေးခဲ့တဲ့ကျောင်းများ လေးထောင်ကျော်ဖြစ်တဲ့အတွက် ကျောင်းပေါင်း ၅၀၉၉ ကျောင်း အဆင့်မြှင့်ပေး ခဲ့ပါကြောင်း တင်ပြပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကိုယ်စားလှယ်တော်ကြီး၏မဲဆန္ဒနယ်

ဖြစ်သော ပြင်ဦးလွင်မြို့နယ်မှ အခြေခံပညာမူလတန်းကျောင်းသုံးကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်းသုံးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ခုနစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ကိုးကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၂၂ ကျောင်း တိုးမြှင့်ပေးခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ပြီးခဲ့တဲ့သကြ်န်ကာလကျော်အတွင်း ကိုယ်စားလှယ်တော်ကြီးနှင့်အတူ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးရော၊ ကျွန်တော်တို့ရော ပြင်ဦးလွင်ခရိုင်အတွင်း ပညာရေးလိုအပ် ချက်တွေကို ကိုယ်တိုင်သွားရောက်ကြည့်ရှုခဲ့ပါတယ်။ အဲဒီကြည့်ရှုတဲ့နေရာမှာ ဦးစားပေးအစီအစဉ်တွေအရ ပြည်လည်စိစစ်တဲ့အခါမှာ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ပြင်စာကျေးရွာ၊ ရေငယ်ကျေးရွာ၊ ရွှေသင်းကျေးရွာတို့သည် သတ်မှတ်ဦးရေအရ ကျောင်းသားဦးရေပြည့်မီခြင်းမရှိသေးတဲ့အပြင် လောလောဆယ်မှာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့် ရရှိပြီးဖြစ်တဲ့အတွက် အခြေခံပညာအထက်တန်းသင်ယူနိုင်မှုအခွင့်အလမ်း ရရှိပြီးဖြစ်တာတွေ့ရပါတယ်။ သို့အတွက် ယခုနှစ်တော့ ဦးစားပေးအစီအစဉ်မှာ မပါရှိနိုင်ခဲ့ပါဘူး။ နောင်လာမည့်အဆင့်တိုးမြှင့်ပေးခြင်းအစီအစဉ်များမှာ ဆောင်ရွက် ပေးပါမည်ဖြစ်ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျန်ကျောင်းများဖြစ်တဲ့ ပြင်ဦးလွင်မြို့နယ် ဟိုလိပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ ကံဗျူးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ ပြင်ကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် ပိန္နဲကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တို့ကိုတော့ ပြီးခဲ့တဲ့မေလအတွင်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံနှင့်တစ်ဝန်း ပညာသင်နိုင်မှုအခွင့်အလမ်းရရှိစေရေးအတွက် ကျောင်းအဆင့်တိုးမြှင့်ပေးနိုင်ရေးလုပ်ငန်းများကို ဘဏ္ဍာငွေခွင့်ပြုချက်ရရှိသည်နှင့်အမျှ တိုးမြှင့်ဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**စပါးဝယ်ယူရာတွင် အလေးချိန်တင်းတောင်းစံချိန်မကိုက်ညီမှုများကို မည်သို့ပြင်ဆင်သတ်မှတ်အရေးယူခြင်းများပြုလုပ်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်သန္တာ(အိမ်မဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာ ဖြစ်ပါတယ်။

ကျွန်မ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းသွားမယ့်မေးခွန်းကတော့ စပါးဝယ်ယူရာတွင် အလေးချိန်တင်းတောင်းစံချိန်မကိုက်ညီမှုများကို မည်သို့ပြင်ဆင်သတ်မှတ်အရေးယူခြင်းများ ပြုလုပ်နေသည်ကို သိရှိလိုခြင်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူများအခန်း ပုဒ်မ ၂၃ မှာ နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ (က) အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်။ (ခ) စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့်တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်ဟု ပြဋ္ဌာန်းထားပါတယ်။ ထိုပြဋ္ဌာန်းချက်(က)အရ ရေးဆွဲထားသော တောင်သူလယ်သမားအခွင့်အရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၏ ရည်ရွယ်ချက်ဖြစ်သည့် အခန်း(၂) ပုဒ်မ ၃ ပုဒ်မခွဲ(က)မှာလည်း လယ်ယာထုတ်ကုန်များ ရောင်းချရာတွင်သင့်တင့်မျှတသည့်ဈေးနှုန်းနှင့် ဈေးကွက်ရရှိရေးတို့အတွက် တောင်သူလယ်သမားများကို ကူညီဆောင်ရွက်ရန်လို့ပါရှိပါတယ်။ ထို့အပြင် ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကဏ္ဍကြီးများအလိုက် စီးပွားရေးတိုးတက်မှုမှာ လယ်ယာကဏ္ဍအတွက် ၄.၀ ရာခိုင်နှုန်းတိုးတက်ဖြစ်ပေါ်ရန် လျာထားထားပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ဒါကိုကြည့်ရင် နိုင်ငံတော်မှ တောင်သူလယ်သမားများ၏အခွင့်အရေးရော၊ လယ်ယာကဏ္ဍပါ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဥပဒေလုပ်ထုံးလုပ်နည်းများဖြင့် ကာကွယ်သည့်အပြင် စိုက်ပျိုးစရိတ်ချေးငွေ၊ သွင်းအားစုများ၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုအတွက် ကုစားမှုအစီအစဉ်များဖြင့်သာ ပံ့ပိုးနေသော်လည်း အောက်ခြေတောင်သူလယ်သမားများ၏ မြေပြင်အခြေအနေမှာ နှစ်စဉ်ကြုံတွေ့နေကြရတဲ့ သဘာဝဘေး၊ သီးနှံဖျက်ပိုးမွှားများဘေးအပြင် နူရာဝဲစွဲ လဲရာသူခိုးထောင်းဆိုသကဲ့သို့ ရာသီအလိုက်ထွက်ပေါ်လာသော စပါး၊ ပဲမျိုးစုံရောင်းဝယ်ရာတွင် အလေး၊ ချိန်ခွင်၊ တင်းတောင်းစံကိုက်မညီမှုများကြောင့် နှစ်စဉ်နီးပါးတွေ့ကြုံခံစားနေရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ဒီနေရာမှာ အနည်းငယ်သောတောင်သူအချို့ရဲ့ စပါး၊ ပဲ၊ နှမ်းတို့ကို အလေးချိန်များစေရန် ရေဖြန်း၊ သဲ၊ ခဲ ရောသည်ကိုအကြောင်းပြု၍ အလေး၊ ချိန်ခွင်၊ တင်းတောင်းများကွာဟပါတယ်ဆိုတဲ့အကြောင်းပြချက်တွေကိုလည်း ကြားသိနေရပါတယ်။ ဒီနေရာမှာရှင်းလင်းစေချင်တာက သီးနှံများအရည်အသွေးမပြည့်မီခြင်းက တစ်ကဏ္ဍ၊ အလေး၊ ချိန်ခွင်၊ တင်းတောင်းစံကိုက်မညီခြင်းက တစ်ကဏ္ဍ သက်သက်စီသာဖြစ်ပါတယ်ရှင့်။

မူကြမ်း

ဥပမာအနေနဲ့တင်ပြရရင် တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ စပါးတစ်တင်းကို ၄၆ ပေါင်ကို စံအလေးချိန်ဖြင့် သတ်မှတ်ဝယ်ယူရန် စည်းကမ်းသတ်မှတ်ထားသော်လည်း လက်ရှိအချိန်မှာ ကုန်သည်များ၊ ဆန်စက်များမှ သူတို့ပိုင်တဲ့ စိုထိုင်းဆတိုင်းကရိယာနဲ့စစ်ဆေးပြီး သူတို့ပိုင်တဲ့ကတ္တားများနဲ့ နေလှန်းပြီးသား စပါးအခြောက်ကို တစ်တင်းလျှင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမှာ ပေါင် ၅၀ နှင့်ချိန်တွယ်ပြီး ကျွန်မရဲ့အိမ်မဲမြို့နယ်မှာတော့ ၅၁ ပေါင်၊ ၅၂ ပေါင်။ အခြားဧရာဝတီတိုင်းဒေသကြီးရဲ့ မြို့နယ်တွေမှာလည်း ၅၂ ပေါင်နှုန်းလောက်ထိ ဝယ်ယူနေကြတာတွေ့မြင်နေရတာ တွေ့မြင်ရပါတယ်။ မြန်မာနိုင်ငံဒေသတစ်ခုနဲ့တစ်ခုမတူဘဲ မြန်မာပြည်အထက်ပိုင်း မကွေးတိုင်းဒေသကြီးတွေမှာ ဆိုလို့ရှိရင် ကျွန်မတို့ကျောင်းမှာသင်ခဲ့ရတဲ့ ၁၆ ပြည် တစ်တင်းဆိုတာမဟုတ်ဘဲ ၁၇ ပြည်၊ ၁၈ ပြည် တစ်တင်းနှုန်းနဲ့ ဝယ်ယူနေကြခြင်းတွေရှိသလို ပြည် ၂၀ ဆံ့တဲ့တင်းတောင်းတွေနဲ့ ဝယ်ယူမှုများလည်း ရှိနေပါတယ်။ စပါးဝယ်ယူသူလုပ်ငန်းရှင်တွေ၊ ကုန်သည်များ၊ ဆန်စက်များမှ စပါးအစိုဓာတ်အတွက် သူတို့မနစ်နာအောင် ပြုလုပ်တယ်ဆိုပေမဲ့အထက်မှာ ကျွန်မတင်ပြခဲ့သလို ကဏ္ဍအားဖြင့်သတ်သတ်စီသာ ဖြစ်နေပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ တောင်သူလယ်သမားများအဖို့မှာလည်း သဘာဝဘေး၊ ပိုးမွှားဘေးဒဏ်ကြောင့် ဆန်စပါး၊ ပဲ၊ နှမ်းတွေ အထွက်နှုန်းနည်းပါးမှုတွေ တွေ့ကြုံနေရသလို တောင်သူတွေလက်ထဲမှာ စပါး၊ ပဲတွေ၊ နှမ်းတွေပေါ်ချိန်မှာ ဈေးနှိမ်ဝယ်ယူခံရမှုတွေလည်း ကြုံနေရပါတယ်။ တောင်သူတွေလက်ထဲမှာ စပါး၊ ပဲတွေ၊ နှမ်းတွေရှိနေတဲ့အချိန်မှာ စပါးဈေးနှိမ်ဝယ်ယူခြင်းကို ကျော်လွှားနိုင်ဖို့အတွက် အချိန်ကောင်းစောင့်ပြီး မရောင်းနိုင်ရတဲ့အခြေအနေတွေကတော့ အစိုးရချေးငွေဖြစ်တဲ့စိုက်ပျိုးစရိတ်ချေးငွေ၊ မြစိမ်းရောင်ချေးငွေ၊ သမဝါယမချေးငွေတွေအပြင် တခြားအပြင်ကနေ NGO တွေကချေးတဲ့ ဥပမာ - ပက်မြန်မာတို့၊ မြကျွန်းသာတို့က ချေးတဲ့ချေးငွေများဖြင့်လည်း အကြွေးသံသရာလည်နေတာကို အခွင့်ကောင်းယူပြီးတော့ ကုန်သည်တွေဟာ တောင်သူလက်ထဲ သီးနှံပေါ်ချိန်မှာဈေးနှိမ်တယ်။ အလေးချိန်တင်းတောင်းမှန်ကန်မှုမရှိဘဲ ဝယ်ယူခြင်းတွေကို ကျူးလွန်နေကြပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့တွေ နေ့စဉ်စည်ပင်ပိုင်ဈေးတွေထဲမှာ ဈေးသွားဝယ်ရင်တောင် လတ်ဆတ်တဲ့သားငါးဈေးကတစ်မျိုး၊ မလတ်ဆတ်တဲ့သားငါးဈေးကတစ်မျိုး ဝယ်ယူနေရသလို အလေးချိန်မပြည့်ဘူးလို့သံသယရှိရင်လည်း ဈေးတာဝန်ခံရုံးမှာရှိတဲ့ သမာဓိချိန်ခွင်မှာစစ်ဆေးပြီး ဈေးခေါင်းရုံးမှာတိုင်ကြားနိုင်ပါတယ်။ ဒါပေမဲ့ တောင်သူလယ်သမား

တွေအဖို့မှာတော့ နိုင်ငံတော်ကချမှတ်ပေးထားတဲ့ မှန်ကန်တဲ့စိုထိုင်းဆတိုင်းကရိယာလည်းမရှိဘူး။ မှန်ကန်တဲ့ကတ္တားကလည်းမရှိဘူး။ ကျူးလွန်တဲ့သူကိုတိုင်ကြားရလည်း နောင်ဆိုကိုယ့်ပစ္စည်းကို ဒီကုန်သည်ကမဝယ်မှာစိုးတာနဲ့ ဖြစ်နေရတဲ့တောင်သူလယ်သမားတွေရဲ့ဒုက္ခကို မူတည်ပြီးတော့ ဒီမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်သန္တာရဲ့ မေးခွန်းဖြစ်သော စပါးပေါ်ချိန် မြန်မာနိုင်ငံအနှံ့အပြား စပါးဝယ်ယူရာတွင် အလေးချိန် တင်းတောင်းစံချိန်မကိုက်ညီမှုများကို နောင်နှစ်များအတွက် မည်သို့ပြင်ဆင်သတ်မှတ် အရေးယူခြင်းများပြုလုပ်မည်ကို သိရှိလိုခြင်းဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများခင်ဗျား။ လက်ရှိ အခြေအနေမှာတော့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အလေးချိန်၊ တင်းတောင်း စံသတ်မှတ်ချက်များနဲ့ ပေါင်အလေးချိန်သတ်မှတ်ချက်တွေကို ထုတ်ပြန်ထားနိုင်ခြင်းမရှိသေးပါ ကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံမှာ ဆန်တင်းတောင်းအပါအဝင် အတိုင်းအတာယူနစ်များ၊ အလေးချိန်ယူနစ်စနစ်များ တစ်ပြေးညီသတ်မှတ်နိုင်ရေးအတွက် တိကျစွာ တိုင်းတာခြင်းဥပဒေ(Law of Metrology)ကို ဆက်စပ်ဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့မဟုတ်သော အရပ်ဘက်အဖွဲ့အစည်းများ၊ ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကျွမ်းကျင်သူများပါဝင်ပြီး ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ယခုလိုရေးဆွဲထားတဲ့ တိကျစွာတိုင်းတာခြင်း ဥပဒေ(Law of Metrology)မူကြမ်းကို ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်

သုံးသပ်ရေးကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ သက်ဆိုင်ရာအဖွဲ့အစည်းများရဲ့ ဥပဒေလုပ်ထုံးလုပ်နည်းဆိုင်ရာအကြံပြုချက်များနှင့်အညီ ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်လျက်ရှိပြီး အဆိုပါဥပဒေမှာ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ တိကျစွာတိုင်းတာခြင်းဥပဒေ(Law of Metrology)ပြဋ္ဌာန်းပြီးချိန်မှာ လက်ရှိအသုံးပြုလျက်ရှိတဲ့ တင်းတောင်း၊ အခြင်အတွယ်များ၊ အလေးချိန်များနှင့် စပ်လျဉ်းပြီး တောင်သူလယ်သမားများအပါအဝင် ရောင်းသူ၊ ဝယ်သူနှစ်ဖက်စလုံး နစ်နာမှုမရှိစေရေး၊ အငြင်းပွားမှုမရှိစေရေး၊ မျှတသောကုန်သွယ်မှုဖြစ်စေရေး တို့အတွက် စံသတ်မှတ်ချက်များကို ယင်း၏ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ စပါးအဝယ်ဒိုင်များမှာ အသုံးပြုနေတဲ့ စပါးစိုထိုင်းဆတိုင်းတာတဲ့ကိရိယာတွေကို စံကိုက်စစ်ဆေးသတ်မှတ်ခြင်းပြုလုပ်တဲ့ ဓာတ်ခွဲခန်းကိုလည်းထူထောင်နိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်သန္တာ(အိမ်မဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ တစ်ဆက်တစ်စပ်တည်းမေးခွန်းကို မေးမြန်းချင်ပါတယ်။ ပညာရေးဝန်ကြီးအနေနဲ့ ဒီဥပဒေပြဋ္ဌာန်းနိုင်ရေးရော၊ စိုထိုင်းဆကရိယာအတွက် ဓာတ်ခွဲခန်းတွေလုပ်နေတယ်ဆိုတာ ကြားသိရတဲ့အတွက် မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ တောင်သူလယ်သမားတွေဘက်ကကြည့်ပြီး ကျွန်မ အင်မတန်ပဲဝမ်းသာရပါတယ်။ တစ်ခုပဲ ကျွန်မမေးချင်တာက ဒီဥပဒေပြဋ္ဌာန်းနိုင်ရေး၊ ဒီစိုထိုင်းဆကိရိယာအတွက် ဓာတ်ခွဲခန်းတွေကို ဘယ်အချိန်လောက်မှာ စတင်အကောင်အထည်ဖော်နိုင်မယ်။ ဘယ်အချိန်လောက်မှာ ပြီးနိုင်မယ်ဆိုတာလေး တစ်ဆက်တစ်စပ်တည်းမေးချင်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လက်စသတ်ပြင်ဆင်ပြီးပါပြီ။ အဆင့်ဆင့် လွှတ်တော်ကိုဆက်လက်တင်ပြဖို့ အခြေအနေရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒီအမျိုးသားဓာတ်ခွဲခန်းကတော့ ဆောင်ရွက်ဆဲလုပ်ငန်းဖြစ်ပါတယ်။ နောင်လာမယ့် ဘတ်ဂျက်နှစ်မှာ တချို့သောလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**အဝေးသင်တက္ကသိုလ်များတွင် Assignment ဖြေဆိုတင်သွင်းမှုများကို အင်တာနက်အသုံးပြု၍ လက်ကိုက်ဖုန်းများဖြင့် ဖြေဆိုမှုစနစ် ပြောင်းလဲကျင့်သုံးနိုင်မှုရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာတင်အောင်(ကျောက်ဆည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်အောင် ဖြစ်ပါတယ်။ ကျွန်တော်မေးချင်တဲ့မေးခွန်းကတော့ အဝေးသင်တက္ကသိုလ်များမှာ Assignment ဖြေဆိုတင်သွင်းမှုများကို အင်တာနက် အသုံးပြု၍ လက်ကိုက်ဖုန်းများဖြင့် ဖြေဆိုမှုစနစ် ပြောင်းလဲကျင့်သုံးနိုင်မှုရှိ/မရှိနှင့် ကျင့်သုံးမည်ဆိုပါက မည်သည့်စာသင်နှစ်တွင် စတင်အကောင်အထည်ဖော်နိုင်မည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းကိုဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခြင်းဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီမေးခွန်းကို မေးရတဲ့အကြောင်းအရင်းကတော့ ပညာရေးမြှင့်တင်ရန် အရည်အသွေးအကဲဖြတ်ခြင်းသည် အရေးကြီးတဲ့အခန်းကဏ္ဍမှာပါဝင်နေတဲ့အတွက် အဝေးသင်တက္ကသိုလ်များ၏ အရည်အသွေးအကဲဖြတ်မှုတစ်ခုဖြစ်တဲ့ Assignment တင်သွင်းမှုကို ပိုမိုကောင်းမွန်ပြီး အကျိုးရှိမည့်နည်းလမ်းများ အသုံးပြုဆောင်ရွက်သင့်တဲ့အတွက် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်ကို Power Point လေးအသုံးပြုခွင့်ပြုပါခင်ဗျား။

ဒီ Power Point မှာ တင်ပြထားတဲ့အတိုင်း ရရှိလာမည့်အကျိုးကျေးဇူး (၅)ချက်ကိုတင်ပြမှာဖြစ်ပါတယ်။ (၁)အချက်အနေနဲ့ဆိုရင်တော့ အရည်အချင်းပိုမိုပြည့်ဝတဲ့ဘွဲ့ရများ မွေးထုတ်ပေးနိုင်မှာဖြစ်ပါတယ်။ Assignment များကို အတန်းတိုင်းမှာ တစ်နှစ်ကို နှစ်ကြိမ်တင်ရပါတယ်။ Semester နှစ်ခုအတွက် နှစ်ကြိမ်တင်ရတဲ့အခါမှာ ရရှိလာတဲ့ Assignment မေးခွန်းတွေက ကန့်သတ်ချိန်နီးမှရောက်ရှိလာတဲ့အတွက်ကြောင့် ကျောင်းသားကျောင်းသူများက Study Guide Book များကို လေ့လာဖတ်ရှုမှုမလုပ်တော့ဘဲနဲ့ အရန်သင့်ရှိပြီးသားအဖြေများကို ကူး၍တင်ခြင်း၊ တစ်ပါးသူကို အဖြေထုတ်ခိုင်းပြီး တင်ခြင်းတို့ကိုပဲ ကျင့်သုံးနေတာကို တွေ့ရှိရပါတယ်ခင်ဗျား။ လက်ကိုင်ဖုန်းအသုံးပြုနည်းစနစ်ကို ကျင့်သုံးမယ်ဆိုရင်တော့ ကျောင်းဖွင့်ဖွင့်ချင်း လက်ကိုင်ဖုန်းဖွင့်ကြည့်လိုက်တာနဲ့ Assignment မေးခွန်းများကို တွေ့ရမှာဖြစ်တဲ့အတွက် နှစ်စဉ် Study Guide များကို ကြိုတင်လေ့လာချိန်ရောက်ပြီးတော့ Assignment ဖြေဆိုနိုင်ကြမှာဖြစ်ပါတယ်။

(၂)အချက်အနေနဲ့တော့ ကျောင်းသူကျောင်းသားများနဲ့ နိုင်ငံတော်အတွက်ပါ ငွေကုန်သက်သာလာမှာဖြစ်ပါတယ်။ သက်ဆိုင်ရာအဝေးသင်ဌာနခွဲများကို Assignment နဲ့အဖြေလွှာတွေကို တစ်နှစ်

ကိုနှစ်ကြိမ်သွားယူခြင်း၊ ပြန်လည်တင်သွင်းခြင်းတို့ကို ပြုလုပ်ရပါတယ်။ တစ်ခါတစ်ရံမှာ တစ်ခါတည်း မရတဲ့အတွက်ကြောင့် အခေါက်ခေါက်အခါခါသွားရတာတွေလည်း ရှိပါတယ်။ အဲဒီလိုသွားရတဲ့ အတွက်ကြောင့် ကျောင်းသားကျောင်းသူတွေရဲ့ ငွေကုန်ကြေးကျကာ အင်မတန်မှ များပြားပါတယ်။ Assignment မေးခွန်းနဲ့အဖြေလွှာတွေကို သက်ဆိုင်ရာလုပ်ငန်းအခြေခံအပ်နှံတဲ့အခါမှာလည်းပဲ ပုံနှိပ်စက်များကနေ စက္ကူနဲ့ပုံနှိပ်မှင်တွေကို နိုင်ငံခြားကဝယ်ရတဲ့အတွက်ကြောင့် အင်မတန်မှကုန်ကျစရိတ်များပါတယ်။ အဝေးသင်ကျောင်းသားကျောင်းသူ ငါးသိန်းခန့်ရှိတဲ့အတွက် နိုင်ငံတော်အတွက်ဆိုရင် အများကြီးကုန်ကျမှာ ဖြစ်ပါတယ်။

(၃)အချက်အနေနဲ့ပြောရင်တော့ Assignment မေးခွန်းများနှင့် အဖြေလွှာများဟာ အချိန်မီမရရှိတဲ့ပြဿနာပဲ ဖြစ်ပါတယ်။ လုပ်ငန်းရှင်တွေက Assignment မေးခွန်းကို ပုံနှိပ်ခြင်းဟာ အချိန်မီမပြီးနိုင်တဲ့အတွက်ကြောင့် ကျောင်းသားကျောင်းသူလက်ထဲကို အချိန်မီမရရှိပါဘူး။ ရရှိပြန်တော့လည်း Module စုံအောင် မရရှိတာတွေကို အများကြီးတွေ့ရပါတယ်။ အဲဒီအချိန်မှာ သက်ဆိုင်ရာအဝေးသင်ဌာနခွဲက ဘာလုပ်ကြသလဲဆိုရင် နီးစပ်ရာ Module တွေကို ထည့်ပေးလိုက်တဲ့အတွက် ကျောင်းသားတွေမှာအခက်အခဲအများကြီး ရှိရပါတယ်။ ဥပမာဆိုရင်တော့ မြန်မာစာမေးခွန်းအစား အင်္ဂလိပ်စာမေးခွန်းထည့်ပေးထားတာမျိုးတို့ပါ။ ဒီလို Online အသုံးပြုလိုက်မယ်ဆိုရင်တော့ ဒီပြဿနာတွေအားလုံးဖြေရှင်းသွားမှာ ဖြစ်ပါတယ်။

(၄)အချက်အနေနဲ့လည်း ဝန်ထမ်းအသုံးပြုမှုပိုင်းမှာလည်းပဲ Assignment သည် ကျောင်းသားကျောင်းသူတစ်ယောက်ကမတင်ရင် Incomplete ဖြစ်တဲ့အတွက်ကြောင့် စာမေးပွဲမှာ ဘယ်လောက်ဖြေနိုင်၊ ဖြေနိုင် စာမေးပွဲကျမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ Assignment ထုတ်ပေးခြင်း၊ ပြန်လည်လက်ခံခြင်းတို့ကိုလည်း သေသေချာချာ စေ့စေ့စပ်စပ်လုပ်ရတဲ့အတွက်ကြောင့် ဝန်ထမ်းအင်အားအများကြီး အသုံးပြုရပါတယ်။ ဒီစနစ်ကို ကျင့်သုံးမယ်ဆိုရင်တော့ ဝန်ထမ်းတွေပိုလာမှာဖြစ်တဲ့အတွက်ကြောင့် တခြားနေရာမှာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

နောက်ဆုံးတစ်ချက်အနေနဲ့ ကြည့်မယ်ဆိုရင်လည်းပဲ ဆရာဆရာမများဟာ ဒီ Assignment တွေကို မစစ်ရတော့တဲ့အတွက်ကြောင့် အချိန်ပိုထွက်လာမှာ ဖြစ်ပါတယ်။ ထွက်လာတဲ့အချိန်ပိုတွေကို သင်ကြားရေးမှာသော်လည်းကောင်း၊ သုတေသနလုပ်ငန်းမှာသော်လည်ကောင်း အများကြီး အချိန်ပေးပြီး လုပ်နိုင်မှာ ဖြစ်ပါတယ်။ ကျောင်းသားကျောင်းသူများက တယ်လီဖုန်းကနေ Assignment ကို ဖြေဆိုတင်ပို့လိုက်တဲ့နေရာမှာ သက်ဆိုင်ရာအဝေးသင်နှစ်ခုရဲ့ Server ထဲကို ရောက်ရှိသွားမှာဖြစ်တဲ့

အတွက်ကြောင့် Server ကအချက်တွေက အလိုလိုစစ်ပြီးသားဖြစ်လို့ အောင်စာရင်းပြုစုတဲ့ Blue Sheet ပေါ်ရောက်အောင် ဒီအမှတ်တွေက တင်ပြီးသားဖြစ်တဲ့အတွက်ကြောင့် ကျန်တဲ့လုပ်ငန်းတွေ အားလုံးလည်း အများကြီးသက်သာသွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့်တော့ ဒီမေးခွန်းသည် ဒီစနစ်ကို ကျင့်သုံးခဲ့မယ်ဆိုရင် အဝေးသင်တက္ကသိုလ်ဌာနခွဲပေါင်း ၄၀ မှာရှိတဲ့ မလိုလားအပ်တဲ့ ပြဿနာတွေက ရှင်းပြီးသားဖြစ်မှာဆိုတာကို အကျိုးကျေးဇူးရရှိမှာဖြစ်တဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်အောင်ရဲ့ မေးခွန်းဖြစ်သော အဝေးသင်တက္ကသိုလ်များတွင် Assignment ဖြေဆိုတင်သွင်းမှုများကို အင်တာနက်အသုံးပြု၍ လက်ကိုင်ဖုန်းများဖြင့် ဖြေဆိုမှုစနစ်ပြောင်းလဲကျင့်သုံးနိုင်မှုရှိ/မရှိနှင့် ကျင့်သုံးမည်ဆိုပါက မည်သည့်စာသင်နှစ်တွင် စတင်အကောင်အထည်ဖော်နိုင်မည်ကို သိရှိလိုခြင်း မေးခွန်းအပေါ်မှာ ပြန်လည်တင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအနေနဲ့ အဝေးသင်တက္ကသိုလ်များ အတွက် သင်ကြားခြင်းကိုတော့ Online အသုံးပြုပြီး ဆောင်ရွက်နေပြီဖြစ်ပါတယ်။ သို့သော် လွှတ်တော်ကိုယ်စားလှယ်ကြီး အမိန့်ရှိတဲ့ Assignment ဖြေပြီး Online စနစ်ဖြင့် ပြန်ဖြေခြင်းစနစ် အတွက်ကတော့ ကျွန်တော်တို့ပြင်ဆင်ဆဲဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒီရန်ကုန်တက္ကသိုလ် အဝေးသင်သင်တန်းအနေနဲ့ Online Development Law ၁၀ လသင်တန်း Online LLB ငါးနှစ် သင်တန်းတွေကိုတော့ သင်ကြားခြင်းရော၊ စစ်ဆေးခြင်းရော Online ဆောင်ရွက်နေပါကြောင်း တင်ပြ

အပ်ပါတယ်။ ဒီသင်တန်းတွေအတွက် Online Server လေးခု၊ Offline Server သုံးခု၊ Website တွေဖြစ်တဲ့ www.ynou.edu.mm, www.yudeonline.com.mm များနှင့် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒီသင်တန်းနှစ်ခုအတွက်ကတော့ သင်ခန်းစာတွေကို Online Server နှစ်ခု၊ Offline Server သုံးခုနဲ့ ၂၄ နာရီပတ်လုံး လေ့လာသင်ကြားနိုင်တဲ့အပြင် သင်ခန်းစာများလည်း အခမဲ့ Download လုပ်နိုင်ရေးအတွက်လည်း ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

နောင်ပညာသင်နှစ်များအတွက်လည်း Assignment မေးခွန်းများနှင့် စာစဉ်ဖြေဆိုခြင်းကိုလည်း YUDWE Wedsite မှာ ဆောင်ရွက်နိုင်အောင် စီမံပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အဝေးသင်သင်တန်းများအားလုံးအတွက်ကတော့ ၂၀၁၈ ခုနှစ်မှစပြီး ဆောင်ရွက်နိုင်ရေးကို စီစဉ်ထားပါကြောင်းနှင့် ဒီလိုဆောင်ရွက်နိုင်အောင် ဒီစာစဉ်အဖြေလွှာတွေကို စစ်ဆေးမည့် Software တွေ ကျွန်တော်တို့ ပြုစုရပါမယ်။ နောက်တစ်ခါ အသုံးပြုမည့် IT နည်းပညာလိုအပ်ချက်တွေ ဖြည့်ဆည်းရပါမယ်။ နောက်တစ်ခါ ကျွန်တော်တို့ Infastructure Server တွေပြည့်စုံအောင် ဆောင်ရွက်ဖို့ရှိပါတယ်။ ဆောင်ရွက်နေစဉ်အတွင်းမှာပဲ ဒီသင်ခန်းစာအတွက် Pilot Survey ပြုစုပြီး Pilot Survey က ပေါ်လာတဲ့ လိုအပ်ချက်တွေကိုလည်း ထပ်မံဖြည့်စွက်ဖို့ရှိပါတယ်။ လက်ရှိအားဖြင့် Online ကနေ အဝေးသင်တက္ကသိုလ်များအတွက် သင်ကြားမှုတော့ဆောင်ရွက်နိုင်ပြီး အဖြေလွှာဖြေဆိုမှုအတွက်ကတော့ ဆောင်ရွက်နိုင်ပေးခြင်း မရှိသေးပါဘူး။ သို့သော် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြခဲ့တဲ့ ဖြေဆိုခြင်းအတွက်ကိုတော့ ၂၀၁၈ ခုနှစ်ကစပြီး စတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**အခြေခံပညာ(ထက်၊ လယ်၊ မူ)ကျောင်းသားကျောင်းသူများကို ပညာရေးဝန်ကြီးဌာနမှ အခမဲ့ရိုက်နှိပ်ထုတ်ဝေပေးနေသော(Text Book)ပြဋ္ဌာန်းစာအုပ်များအား Wood Free စာရွက်အစား သင့်တင့်သော အရည်အသွေးရှိစာရွက်များဖြင့် ပြောင်းလဲထုတ်ဝေပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိန်ဟန်(ကံမမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ကံမမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဟန် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့

အခြေခံပညာ(ထက်၊ လယ်၊ မူ)ကျောင်းသားကျောင်းသူများကို ပညာရေးဝန်ကြီးဌာနမှ အခမဲ့ရိုက်နှိပ်ထုတ်ဝေပေးသော(Text Book)စာအုပ်များကို Wood Free စာရွက်အစား သင့်တင့်သောအရည်အသွေးရှိတဲ့စာရွက်များနဲ့ ပြောင်းလဲထုတ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ အခြေခံပညာ မူလတန်းကနေစပြီးတော့ အခမဲ့ပညာရေးစနစ်ကို ကျင့်သုံးနေတယ်ဆိုတာ ကျွန်တော်တို့က ကြိုဆိုပါတယ်။ KG တန်းကနေ ဒသမတန်းအထိ ကျောင်းသုံးစာအုပ်များကို အခမဲ့ဖြန့်ဝေပေးတာကိုလည်း တွေ့ရပါတယ်။ ဒီစာအုပ်များကို Wood Free စာရွက်သားများနဲ့ရိုက်နှိပ်ပေးနေတာကိုလည်း တွေ့ရပါတယ်။ ဒီလိုအရည်အသွေးရှိတဲ့စာရွက်သားတွေနဲ့ ဘာဖြစ်လို့ရိုက်နှိပ်ပေးနေရသလဲဆိုရင် ကလေးတွေသည် စာရွက်သားတွေလှပမှု၊ အရောင်လေးတွေလှပမှု ပညာရေးကို စိတ်ဝင်စားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ထုတ်ပေးတယ်လို့လည်း ပြောပါတယ်။ သို့သော် ပညာရေးဘာကြောင့်နိမ့်ကျရသလဲ ကို လေ့လာကြည့်ရင်မူဝါဒကြောင့် ပညာရေးနိမ့်ကျတာဖြစ်ပါတယ်။ ဘာကြောင့်ဒီလိုပြောနေရလဲဆိုရင် နှစ်စဉ်ကျောင်းသူကျောင်းသားတိုင်း စာအုပ်အသစ်တွေကို ထုတ်ပေးတဲ့အတွက်ကြောင့် စာသင်နှစ်တစ်နှစ်ကုန်သွားလို့ရှိရင် အဲဒီစာအုပ်အဟောင်းတွေကို ဘယ်ကျောင်းသူကျောင်းသားမှ မသုံးတော့ဘဲနဲ့ စာအုပ်အသစ်တွေကိုပဲ မျှော်မှန်းကြပါတယ်။ ဒါကြောင့် အဲဒီစာအုပ်အဟောင်းတွေဘယ်ရောက်သွားလဲဆိုတော့ အမှိုက်ပုံးထဲရောက်သွားပါတယ်။ မီးရှို့ဖျက်ဆီးပစ်လိုက်ပါတယ်။ အဲဒါဆိုရင် ဒီလိုဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်ဘဏ္ဍာငွေဘယ်လောက်ဆုံးရှုံးလဲဆိုတာ Power Point လေးနဲ့ပြပါမယ်။ Power Point သုံးခွင့်ပြုပါခင်ဗျား။ ဒါကတော့ ပြီးခဲ့တဲ့ ၂၀၁၆-၂၀၁၇ ခုနှစ်က တစ်နိုင်ငံလုံးမှာရှိတဲ့ ကျောင်းသူကျောင်းသားစာရင်းကို ကျွန်တော်အတတ်နိုင်ဆုံးရှာကြံထားတဲ့ဥစ္စာပါ။ ကျောင်းသား ၉ သန်းကျော်ရှိပါတယ်လို့ပြောပါတယ်။ ဒီဟာကတော့ ပြီးခဲ့တဲ့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်က Text Book ဈေးနှုန်းစာရင်းနဲ့ ဟိုအရင်တုန်းကဈေးနှုန်းစာရင်းကို နှိုင်းယှဉ်ပြထားတဲ့စာရင်းဖြစ်ပါတယ်။ အဲဒီတော့ KG တန်းကနေတွက်လို့ရှိရင် ၉ သန်းကျော်ရှိတယ်။ အဲဒီ ၉ သန်းကျော်နဲ့တွက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့က အခုစာအုပ်ဈေးနှုန်းအတိုင်း ခြားနားချက်ကိုလိုက်ပြီး ယခုပေးနေတဲ့ စာအုပ်ဈေးနှုန်းအတိုင်းတွက်မယ်ဆိုလို့ရှိရင် တစ်နှစ်တစ်နှစ်ကို ကျပ်သန်းပေါင်း ၁၆၁၃၈.၉၆ သန်းကျော်ဆုံးရှုံးနေတာဖြစ်ပါတယ်။ ဒါနိုင်ငံတော်ဘဏ္ဍာငွေဆုံးရှုံးတာပါ။ ကျွန်တော်တို့တိုင်းပြည်ဟာ ဆင်းရဲနေတဲ့အချိန်မှာ ဆုံးရှုံးမခံဘဲနဲ့ သင့်တင့်တဲ့စာရွက်စာတမ်းနဲ့ရိုက်နှိပ်ထုတ်ဝေမယ်ဆိုလို့ရှိရင် ဥပမာ-ကျွန်တော်တို့က ပထမတန်းမှာ ခြားနားချက်က ၅၆၂ ကျပ်ခြားနားနေပါတယ်။ အဲဒါကို သင့်တင့်အောင်

ပေါ့။ ၃၀၀ ကျပ်လောက်ခြားနားအောင်၊ ၂၀၀ ကျပ်လောက်ခြားနားအောင် စသဖြင့် ဒီလိုခြားနားခြင်းတွေ တွက်လို့ ပထမတန်းကနေ ဒသမတန်းထိ ကျောင်းသား ၁၀ ဦးမှာ တစ်ဦးလျှင် ၁၀၀၀ နှုန်းတောင် ပျမ်းမျှခြင်းလျော့သွားမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဘဏ္ဍာနှစ်တစ်နှစ်အတွက် တိုင်းပြည်ရဲ့ဘဏ္ဍာငွေကျပ် ကိုးသန်းလောက်ပိုထွက်လာမှာပါ။ တကယ်လို့များ အစိုးရသက်တမ်း (၅)နှစ်မှာဆိုရင် ကျပ်သန်းပေါင်း ၄၅၀၀၀ ခန့်ပိုထွက်လာမှာဖြစ်ပြီး အဲဒီငွေတွေဘယ်မှာသုံးမှာလဲဆိုတော့ ပညာရေးဌာနမှာ အခုလိုအပ်နေတဲ့ကျောင်းတွေတောင်းတာတို့၊ စာရေးကိရိယာတောင်းတာတို့၊ သင်ထောက်ကူတောင်းတာတို့၊ ကွန်ပျူတာတွေပေးတာတို့ ဒါမျိုးတွေများပေးခဲ့မယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံရဲ့ မျှော်မှန်းတဲ့ပညာရေးစနစ်ဟာ မကြာခင်တိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် ဒီဥစ္စာကို တင်ပြခြင်း ဖြစ်ပါတယ်။ သို့ပါသောကြောင့် အခုထုတ်ပေးနေတဲ့ Text Book များကို Wood Free စာရွက်သားနဲ့ ထုတ်လုပ်မယ့်အစား သူ့ထက်အရည်အသွေးအနည်းငယ်နိမ့်တဲ့ အညံ့ကြီးမဟုတ်ပါဘူး။ အနည်းငယ် နိမ့်တဲ့စာရွက်စာတမ်းနဲ့များ ထုတ်ပေးခဲ့မယ်ဆိုလို့ရှိရင် အစိုးရရဲ့ဘဏ္ဍာငွေကို ထောက်ပံ့ရာကျသလို ပညာရေးဌာနမှာလိုအပ်တဲ့ ပံ့ပိုးမှုတွေကိုလည်း အများကြီးပံ့ပိုးနိုင်မှာဖြစ်တဲ့အတွက်ကြောင့် ဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး၊ ကံမမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိန်ဟန်၏မေးခွန်းဖြစ်သော အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသားကျောင်းသူများကို ပညာရေးဝန်ကြီးဌာနမှ အခမဲ့ရိုက်နှိပ်ထုတ်ဝေပေးနေသော Text Book ပြဋ္ဌာန်းစာအုပ်များအား Wood Free စက္ကူအစား သင့်တင့်သောအရည်အသွေးရှိသည့်စက္ကူများဖြင့် ပြောင်းလဲထုတ်ဝေပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ပညာရေးဝန်ကြီးဌာနအနေနဲ့ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေး(Complexities Educational Sector Review-CESR) ရဲ့ ဆောင်ရွက်ချိန်တွင် ပြည်တွင်းပညာရှင်များရော၊

နိုင်ငံတကာပညာရှင်များရဲ့အကဲဖြတ်သတ်မှတ်ချက်အဖြစ် ခွင့်ပြုထားသောဘတ်ဂျက်အရ ပုံနှိပ်ထားသည့် ကျောင်းသုံးစာအုပ်များ၏အရည်အသွေးသည် အလွန်နိမ့်ကျသောကြောင့် ကျောင်းသုံးစာအုပ်များ၏သက်တမ်းမှာ အထူးသဖြင့် သူငယ်တန်းနှင့် ပထမတန်းတွေမှာ ပညာသင်နှစ်တစ်နှစ်ကုန်ဆုံးခဲ့တဲ့အထိ အသုံးမပြုနိုင်ခြင်း၊ ရိုက်နှိပ်ထားသောရုပ်ပုံ၊ မြေပုံများသည် ကြည်လင်ပြတ်သားမှုရှိရန် အထူးလိုအပ်ခြင်း၊ ပါဝင်သည့်အကြောင်းအရာများသည်လည်း ခေတ်နှင့်လိုက်လျောညီထွေရှိဖို့ လိုအပ်ခြင်း၊ ကျောင်းသုံးစာအုပ်များသည် တာရှည်အသုံးမပြုနိုင်တဲ့အတွက် နှစ်စဉ်ပုံနှိပ်ဖို့ လိုအပ်လျက်ရှိခြင်း စသည့် သုံးသပ်ချက်များသာ သတ်မှတ်ထားရှိပါတယ်။ ဒါ့အပြင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ ပထမတန်းသင်ရိုးသစ်များအတွက် ကျောင်းသုံးစားအုပ် များမှာပါဝင်တဲ့သင်ခန်းစာများသည် ကလေးများအနေဖြင့် ရှင်းလင်းပြတ်သားစွာ တွေ့ရှိရန်လိုအပ်ခြင်း၊ ရည်ရွယ်ချက်ပေါက်မြောက်သည်အထိ သင်ယူရရှိနိုင်ရေးအတွက် ရောင်စုံသရုပ်ဖော်၊ ဓာတ်ပုံ၊ ပန်းချီများကို အရောင်အသွေးစုံလင်စွာ အသုံးပြုရတဲ့အတွက် အရည်အသွေးအသင့်အတင့်ရှိသော စက္ကူများနှင့် ပြောင်းလဲပုံနှိပ်ရန်မှာ မသင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျောင်းသုံးစာအုပ် များအနေဖြင့် ရောင်စုံတွေကို အသုံးပြုရာမှာ မျက်စိအာရုံချို့ယွင်းမှု(Color Blind)ဖြစ်တဲ့ ကလေးတွေအတွက်ပါ ထည့်သွင်းစဉ်းစားရမှာဖြစ်ပြီး အရောင်ရွေးချယ် သတ်မှတ်ပုံနှိပ်ထားတာဖြစ်တဲ့အတွက် စက္ကူအရည်အသွေးလျော့ပါးမှုရှိမယ်ဆိုရင် အရောင်များ၊ ပုံများ၊ ထင်ရှားပြတ်သားစွာမရှိနိုင်တဲ့အတွက် သင်ယူမှုအရည်အသွေးကိုပါ ထိခိုက်နိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ပညာရေးကဏ္ဍသည် ရင်းနှီးမြှုပ်နှံခြင်းဟာ နိုင်ငံတော်အတွက် အကြီးမားဆုံးရင်းနှီးမြှုပ်နှံမှု ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း ပုံနှိပ်စာအုပ်တွေအတွက် ၁၈ ဘီလီယံအကုန်ကျခံဆောင်ရွက်မှုဟာလည်း ပညာရေးကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံတာဖြစ်ပါတယ်။ ဒါ့အပြင် အသုံးပြုတဲ့စာရွက် အရည်အသွေးဟာ 70 g Wood Free ဖြစ်ဖို့လိုပြီး ကျောင်းသားကျောင်းသူများ ကောင်းမွန်ခံ့ညား နှစ်ခြိုက်စွာကိုင်တွယ်နိုင်ဖို့၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိဖို့၊ စာအုပ်ကို ကြာရှည်စွာအသုံးပြုနိုင်ဖို့နဲ့ စာသင်နှစ်မကုန်မီ စုတ်ပြဲပျက်စီးမှုနည်းပါးစေဖို့ အစရှိတဲ့အချက်များ ထည့်သွင်းရည်ရွယ်ဆောင်ရွက် ခဲ့တာဖြစ်ပါတယ်။ အရည်အသွေးရှိသောစာရွက်တွေကို အသုံးပြုခြင်းအားဖြင့် ကျောင်းသားကျောင်းသူများအတွက် စနစ်တကျရှိသေစွာကိုင်ဆောင်တတ်တဲ့ အလေ့အကျင့်ကိုပါဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီး တင်ပြဆွေးနွေးသလို ပညာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ဘဏ္ဍာငွေကို ချွေတာနိုင်ဖို့အတွက် ဒီစာအုပ်

တွေကို လက်ဆင့်ကမ်းမျှဝေခြင်းအစီအစဉ် ဆောင်ရွက်နိုင်ဖို့လည်း ကြိုးပမ်းဆောင်ရွက်နေပါကြောင်း တင်ပြအပ်ပါတယ်။ ဒီအစီအစဉ်ဟာ ကလေးတစ်ဦးအတန်းတက်သွားရင် သူကိုင်နေတဲ့စာအုပ်ကို နောင် တက်လာမယ့်ကလေးအတွက် ဆက်လက်သုံးစွဲနိုင်ဖို့ ကျွန်တော်တို့ ရည်မှန်းဆောင်ရွက်လျက် ရှိပါတယ်။ ဒီလိုဆောင်ရွက်နိုင်မယ်ဆိုရင် ထပ်မံတိုးတက်လာမယ့်ကျောင်းသားဦးရေအတွက် လိုအပ်ချက်အရသာ နှစ်စဉ်ပုံနှိပ်ရမှာဖြစ်ပါတယ်။ ကျောင်းသူကျောင်းသားများ လက်ဆင့်ကမ်းအစီအစဉ်ကို ဆောင်ရွက်မှုပေါ်မူတည်ပြီး သုံးနှစ်လေးနှစ်ကြာမှသာ တစ်ကြိမ် ဆောင်ရွက်နိုင်ရေးကို ဦးတည်ဆောင်ရွက်တာဖြစ်တဲ့အတွက် ကျောင်းသားများသည် အရည်အသွေးရှိသောစာအုပ်များ ကိုင်တွယ်အသုံးပြုနိုင်ရန်အတွက်လည်းကောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေ သက်သာစေနိုင်ရေးအတွက်လည်းကောင်း ဦးတည်ဆောင်ရွက်နေပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

## ဒေါ်သန္တာ၊ အိမ်မဲမဲဆန္ဒနယ်က ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ၏ သတင်းထုတ်ပြန်ချက်အား ပြင်းထန်စွာကန့်ကွက်ကြောင်း အရေးကြီးအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၃ အရ အရေးတကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် အိမ်မဲမဲဆန္ဒနယ်က ဒေါ်သန္တာက ဥက္ကဋ္ဌထံစာဖြင့်ရေးသား၍ လက်မှတ်ရေးထိုးတင်ပြလာပါတယ်။ အဆိုမှာ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ၏ သတင်းထုတ်ပြန်ချက်အား ပြင်းထန်စွာကန့်ကွက်ကြောင်း အရေးကြီးအဆိုဖြစ်ပါတယ်။ အရေးကြီးအဆိုတင်သွင်းဖို့ ဒေါ်သန္တာအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်သန္တာ(အိမ်မဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင့်။ ကျွန်မတင်သွင်းသွားမယ့် အရေးကြီးအဆိုကတော့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် ကုလသမဂ္ဂ၏

မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ၏ သတင်းထုတ်ပြန်ချက်အား ပြင်းထန်စွာကန့်ကွက်ကြောင်းအရေးကြီးအဆိုဖြစ်ပါတယ်။ ဒီအရေးကြီး အဆိုကို တင်သွင်းရတဲ့ရည်ရွယ်ချက်(၃)ရပ်ရှိပါတယ်။ ရည်ရွယ်ချက်(၃)ရပ်က (က) နိုင်ငံတော် အစိုးရကဆောင်ရွက်နေသော အမျိုးသားရင်ကြားစေ့ရေးကိုမျက်ကွယ်ပြုခြင်း၊ (ခ) ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို လျစ်လျူရှုထားခြင်း၊ (ဂ) ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်နေသော ပကတိ အခြေအနေမှန်များကို ထည့်သွင်းဖော်ပြထားမှုမရှိခြင်းတို့ကြောင့်ပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်အစိုးရအနေနဲ့ အမျိုးသား ရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အားသွန်ခွန်စိုက်လုပ်ကိုင်နေတာကို တွေ့မြင်နိုင်ပါ တယ်။ လက်ရှိရခိုင်ပြည်နယ်အတွင်းဖြစ်ပွားနေသော ပဋိပက္ခသည် အလွန်ရှုပ်ထွေးနက်နဲသည့် နိုင်ငံရေးသဘောသဘာဝများ ပါဝင်နေပါတယ်။ နိုင်ငံတော်အစိုးရသည် လူ့အခွင့်အရေးကို ကာကွယ် မြှင့်တင်နိုင်မယ့်နည်းလမ်းများစွာကို ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ဘောင်အတွင်းမှ ဥပဒေနဲ့အညီ ကြိုးစား လုပ်ဆောင်နေသလို၊ လွှတ်တော်တွင်းမှလည်း လူပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေး ရေးဥပဒေကဲ့သို့သော ဥပဒေများအတည်ပြုပြီး လူ့အခွင့်အရေး၊ နိုင်ငံသားများ၏မူလအခွင့်အရေးတို့ ကို ကာကွယ်နိုင်ရေးကိုဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်သမ္မတကြီးရဲ့ အထူးရန်ပုံငွေသုံးစွဲခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ရက်(၁၀၀၀)စီမံကိန်း အနေနဲ့ ထောက်ပံ့ပေးခြင်း၊ ပညာရေးဝန်ကြီးဌာနက ကြိုးစားလုပ်ဆောင်နေတဲ့ အဓိကပဋိပက္ခဖြစ်ပွား ရာ ဘူးသီးတောင်၊ မောင်တောနေရာမှာ ကျောင်းဆရာမတွေအစား ကျောင်းဆရာတွေကို အစားထိုးပြီး တာဝန်ထမ်းဆောင်စေရန်လုပ်ဆောင်နေခြင်းများတွေဟာလည်း အစိုးရအနေနဲ့ ကြိုးစားလုပ်ဆောင် နေတဲ့အချက်တွေပဲ ဖြစ်ပါတယ်။ သို့သော် ရခိုင်ပြည်နယ်အတွင်းဖြစ်ပေါ်နေတဲ့ ဘက်နှစ်ဘက်စလုံးရဲ့ ထိခိုက်နစ်နာမှုတွေဖြေရှင်းတဲ့နေရာမှာတော့ နိုင်ငံရေးအသွင်ဆောင်တဲ့ဖြေရှင်းမှုမျိုးကို ပြုလုပ်ဖို့ အထူးပဲလိုအပ်ပါတယ်။ ထို့ကြောင့် အစိုးရသစ်တက်လာပြီးနောက်ပိုင်း ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးဟောင်း မစ္စတာကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင် ဖွဲ့စည်းပြီး အမှန်တကယ်ဖြစ်စဉ်များကို ဖြေရှင်းနိုင်ရေးဆောင်ရွက်ရန် ကြိုးပမ်းခဲ့သလို နိုင်ငံတကာနဲ့ ပြည်သူလူထုသိရှိနိုင်စေရေးအတွက် သတင်းထုတ်ပြန်ချက်များကို စဉ်ဆက်မပြတ်ထုတ်ပြန်နိုင်ခဲ့ ပါတယ်။ အထူးကိုယ်စားလှယ်ရဲ့သတင်းစာရှင်းလင်းပွဲမှာပြောကြားခဲ့တဲ့ အကြံပေးကော်မရှင်ရဲ့ အကြံပေးချက်မှာပါဝင်တဲ့အတိုင်း ဒုက္ခသည်စခန်းသုံးခုကို ပိတ်ပင်နိုင်ခဲ့ပြီး သူတို့မူလနေထိုင်ခဲ့တဲ့

နေရပ်ဒေသကို သွားရောက်လိုတယ်လို့ ပြောကြားကြကြောင်း၊ အဲဒီမွတ်စလင်တွေက ဒုက္ခသည်စခန်းတွေမှာပဲ ရှိနေသေးကြောင်းဟု သူ့ရဲ့သတင်းထုတ်ပြန်ချက်မှာ ပြောကြားချက်ဟာမပြည့်စုံတာကို တွေ့မြင်ရပါတယ်။ တကယ်တော့ အကြံပေးကော်မရှင်ရဲ့ ၂၀၁၇ ခုနှစ် မတ်လထုတ်မှာ ထုတ်ပြန်ကြေညာခဲ့တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ရဲ့ ကြားဖြတ်အစီရင်ခံစာ စာမျက်နှာ ၂၁ မှာ ပါဝင်တဲ့အကြံပေးချက်တွေကတော့ IDP စခန်းများပိတ်နိုင်ရေးအတွက် မဟာဗျူဟာကိုချမှတ်ပြီး သက်ဆိုင်ရာလူ့အဖွဲ့အစည်းများနှင့်တိုင်ပင်ပြီး ညှိနှိုင်းတိုင်ပင်ဆောင်ရွက်သင့်ကြောင်း၊ လုပ်ငန်းစဉ်အချိန်ဇယားကိုလည်း ရှင်းလင်းစွာဖော်ပြသင့်ကြောင်း၊ ထိုမဟာဗျူဟာတွင် မိမိတို့မူလနေရာများကို ပြန်သွားမည် သို့မဟုတ် အခြားနေရာများတွင် ပြန်လည်နေရာချထားမည့်သူများအတွက် လုံခြုံမှုရရှိစေရေး၊ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာအခွင့်အရေးများရရှိစေရေးအတွက် ဖော်ထုတ်ဆောင်ရွက်ပေးမည့် စီမံချက်များပါဝင်သင့်ကြောင်းဆိုတဲ့ အကြံပေးချက်တွေ ပါဝင်ပါတယ်။

ဒါ့အပြင် ဖြစ်ပေါ်နေတဲ့ အခြေခံအကြောင်းတရားတွေပေါ်မှာမူတည်ပြီး လုံခြုံရေးအခြေအနေတွေကို သုံးသပ်မှုတွေ ဆက်လက်လုပ်ဆောင်သွားမယ်။ လိုအပ်ရင် သင့်တော်တဲ့လုပ်ဆောင်မှုတွေ ဆက်လက်လုပ်ဆောင် သွားမယ်ဆိုတဲ့ အကြံပြုချက်အတိုင်းပဲ နိုင်ငံတော်ကချမှတ်ထားတာ ဖြစ်ပါတယ်။ ဒီရခိုင်ပြည်နယ် ဆိုင်ရာအကြံပေးကော်မရှင်ရဲ့ အကြံပေးချက်အတိုင်းပဲ ကျောက်ဖြူပေါက်တော၊ ရမ်းဗြဲမြို့နယ် အတွင်းမှာရှိတဲ့ ဒုက္ခသည်စခန်းသုံးခုကိုပိတ်သိမ်းနိုင်ခဲ့တယ်။ အိမ်ထောင်စု ၅၅ စုကိုလည်း ဥပဒေနဲ့အညီရွေးချယ်ပြီး ရန်ကုန်မြို့ကို ပြောင်းရွှေ့နေထိုင်ခွင့်ပြုခဲ့တယ်။ မွေးစာရင်း ၂၀၀၀၀ ကျော်ကိုလည်း ထုတ်ပေးခဲ့တာ ဖြစ်ပါတယ်။ အထူးကိုယ်စားလှယ်ရဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားချက်ဖြစ်တဲ့ မြန်မာနိုင်ငံက ပြည်သူလူထုအလွန်စိုးရိမ်နေတဲ့ ရခိုင်ပြည်နယ်(မြောက်ပိုင်း)မှာ ဖြစ်ပွားခဲ့တဲ့ မတည်ငြိမ်မှုပြဿနာရဲ့ နောက်ဆက်တွဲပြဿနာဖြစ်တဲ့ မေယုတောင်တန်းပေါ်မှာတွေ့ရှိတဲ့ လူလုပ်ဥမင်လိုင်ခေါင်း၊ လက်နက်များ၊ လေ့ကျင့်ရေးစခန်းများတွေ့ရှိမှုကိုတော့ ထိမ်ချန်ထားခဲ့တာဟာ စိတ်မကောင်းဖွယ်ကြားသိရပါတယ်။ တကယ်တော့ ရခိုင်ပြည်နယ်(မြောက်ပိုင်း)မှာဖြစ်ခဲ့တဲ့ မတည်ငြိမ်မှုမှတစ်ဆင့် မြန်မာနိုင်ငံဟာ အစွန်းရောက်သမားတွေအတွက် ခြေကုတ်ယူစရာများ ဖြစ်သွားမလားဆိုတာဟာ ရခိုင်ပြည်နယ်သာမက မြန်မာတစ်နိုင်ငံလုံး အလွန်စိုးရိမ်နေတဲ့အချက်ပဲ ဖြစ်ပါတယ်။ ထို့အပြင် အစွန်းရောက်များ၏ တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ဆုံးရှုံးနေရမှုကိုလည်း ပြောကြားသွားခြင်းလုံးဝမရှိခဲ့ပါ။ နိုင်ငံတော်အစိုးရရဲ့ နှစ်ဖက်လူ့အသိုင်းအဝိုင်းအား လူသားချင်းစာနာထောက်ထားမှု ပံ့ပိုးမှုများကိုလည်း လုံးဝဖော်ပြ

ခဲ့ခြင်းမရှိတာကိုလည်းတွေ့ရပါတယ်။ နိုင်ငံတော်အစိုးရဟာ အခက်အခဲကြားက ကြိုးစားတည်ဆောက်နေရတဲ့ ရေရှည်တည်တံ့တဲ့ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့ကို အလေးမထားခြင်းကို ဖော်ပြနေတယ်လို့မှတ်ယူနိုင်ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ အောက်တိုဘာလမှာ ကျင်းပပြုလုပ်မယ့် ကုလသမဂ္ဂအထွေထွေညီလာခံမှာ တင်သွင်းမယ့် အထူးကိုယ်စားလှယ်ရဲ့ အစီရင်ခံစာမှာ တရားမျှတမှုတွေနည်းတာကို တွေ့ရပါတယ်။ ဘက်လိုက်မှုမကင်းတဲ့ အစီရင်ခံစာဖြစ်သွားရင် အဲဒီအစီရင်ခံစာပါအကြောင်းအရာတွေကြောင့် ဆွေးနွေးဆုံးဖြတ်ကြရင် မှားယွင်းတဲ့ဆုံးဖြတ်ချက်တွေ ဖြစ်ပေါ်လာနိုင်တဲ့အတွက် ပြင်းထန်စွာကန့်ကွက်ကြောင်း အရေးကြီးအဆိုကို တင်သွင်းရပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒေါ်သန္တာ တင်သွင်းတဲ့ အရေးကြီးအဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(ပြည်ကြီးတံခွန်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလင်း ဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အိမ်မဲမဲဆန္ဒနယ်က ဒေါ်သန္တာ တင်သွင်းသော ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ နေ့တွင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ၏ သတင်းထုတ်ပြန်ချက်အား ပြင်းထန်စွာကန့်ကွက်ကြောင်း အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ နိုင်ငံခြားရေးမူဝါဒ၏ အခြေခံမူတစ်ခုဖြစ်တဲ့ ကုလသမဂ္ဂနှင့်ပူးပေါင်းဆောင်ရွက်ခြင်းဆိုတဲ့ မူတစ်ခုမှာပါဝင်ခဲ့ပါတယ်။ ဒါကြောင့် အထူးအစီရင်ခံစာ တင်သွင်းသူ၏ မြန်မာနိုင်ငံသို့လာရောက်ရန် အဆိုပြုခရီးစဉ်ကိုလည်း အစိုးသစ်အနေဖြင့် လက်ခံသဘောတူခဲ့ပြီး ပံ့ပိုးကူညီမှုလည်း ပြုလုပ်ခဲ့ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆယ်စုနှစ်ပေါင်းများစွာက ခက်ခဲနက်နဲတဲ့ပဋိပက္ခများကို ဖြေရှင်းရမှာဖြစ်တဲ့

အတွက် အတွေ့အကြုံရင့်ကျက်ပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အဖြစ် နိုင်ငံတကာမှ ရွေးချယ်ခန့်အပ်ထားသော မစ္စတာကိုဖီအာနန်ကိုလည်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဦးဆောင်သူ အဖြစ်ဆောင်ရွက်စေခဲ့ပါတယ်။ ယခုလို မစ္စတာကိုဖီအာနန်ကို ကော်မရှင်တွင် ဆောင်ရွက်စေခြင်းမှာ အစိုးရ၏လူ့အခွင့်အရေးပေါ်မှာ အလေးထားဆောင်ရွက်နေကြောင်း သိသာထင်ရှားစေခဲ့ပါတယ်။ မစ်စတာကိုဖီအာနန်ဦးဆောင်တဲ့ ကော်မရှင်၏ ၂၀၁၇ ခုနှစ် မတ်လမှာ ထုတ်ပြန်ခဲ့တဲ့ ကြားဖြတ်အစီရင်ခံစာတွင်လည်း လူ့အခွင့်အရေးနှင့်ပတ်သက်သည့် အစိုးရသစ် လုပ်ဆောင်ချက်များနှင့် ပတ်သက်သည့် ပါဝင်ခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် မေလနှင့်ဇွန်လများက ဥရောပခရီးစဉ်သွားစဉ်ကလည်း ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ (၃၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် မြန်မာနိုင်ငံလုံခြုံရေးအဖွဲ့များ က ဥပဒေမဲ့ချုပ်နှောင်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ တရားရုံးပြင်ပဥ္ စီရင်ကွပ်မျက်ခြင်း၊ နေရပ်မှနှင်ထုတ်ခြင်း စသည့်စွပ်စွဲချက်များနှင့်ပတ်သက်ပြီးတော့ နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့ (Fact-Finding Mission)ကို စေလွှတ်ရန်မဲမခွဲဘဲ ကောင်စီက အတည်ပြုခဲ့ပါတယ်။ ထို Mission အဖွဲ့သည် ပြဿနာဖြေရှင်းရေးအတွက် အထောက်အကူဖြစ်မည် မဟုတ်သည့်အပြင် အသိုင်းအဝိုင်းနှစ်ရပ်ကြား တင်းမာမှုပြဿနာ ပိုမိုကြီးထွားလာနိုင်စေခြင်း၊ လက်ရှိ ပကတိအခြေအနေနှင့်မကိုက်ညီခြင်း၊ အစိုးရအနေဖြင့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ရေရှည်တည်တံ့သော ဖြေရှင်းဆောင်ရွက်ချက်များရရှိနိုင်ရေး ဆောင်ရွက်နေခြင်းတို့ကြောင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်လုံးကို သဘောတူ လက်ခံပါဝင်ခြင်းမရှိကြောင်း Dissociate ခဲ့ခြင်းဖြစ်ပါတယ်။ ဥရောပသမဂ္ဂဌာနချုပ်နှင့် အနောက် နိုင်ငံများတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ခရီးစဉ်တွင် အဆိုပါ Mission စေလွှတ်ခြင်းအပေါ်ငြင်းပယ်ခဲ့ပြီး ရေရှည်တည်တံ့သည့် ဖြေရှင်းမှုရရှိရန် အစိုးရသစ် အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်မှုရှိနေကြောင်း မစ္စတာကိုဖီအာနန်ကလည်း ထောက်ခံတင်ပြခဲ့ ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်သွင်းသော မေရုတောင်တန်းပေါ်မှာတွေ့ရှိတဲ့ လူလုပ်ဥမင်လှိုင်ခေါင်း၊ လေ့ကျင့်ရေးစခန်းများနှင့် လက်နက်များ တွေ့ရှိရသည့်အပြင် အစွန်းရောက်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးမှုများနှင့်

ပျောက်ဆုံးမှုများလည်းရှိနေပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံနှင့်အဝန်း ရေရှည်တည်တံ့သည့် ငြိမ်းချမ်းမှုရရှိရေးသည် အစိုးသစ်၏ပထမဦးစားပေး ဖြစ်ပါတယ်။ အားလုံးအတွက် လွတ်လပ်၍ညီမျှသောအခွင့်အရေး၊ တရားမျှတမှုရရှိရေးမူအပေါ်မှာ အခြေခံသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုစနစ်တစ်ရပ်ကိုတည်ဆောက်ရန် အစိုးသစ် အနေဖြင့် သန္နိဋ္ဌာန်ချဆောင်ရွက်လျက်ရှိပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အထူးအစီရင်ခံစာတင်သွင်းသူ၏ ထုတ်ပြန်ချက်များတွင် ဆယ်စုနှစ်များစွာကြုံတွေ့ခဲ့ရသော ပြည်တွင်းပဋိပက္ခအထိးကျန်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့မှုကြောင့်ဖြစ်ပေါ်သည့် ပြဿနာများကို ဖြေရှင်းရာတွင် အစိုးရ၏အခက်အခဲများကိုလည်း ထည့်သွင်းဖော်ပြခြင်းမရှိဘဲ ယေဘုယျဆန်သော စွပ်စွဲချက်များနဲ့ မှားယွင်းသောအချက်အလက်များစွာကိုသာ ဖော်ပြခြင်းကိုတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံမှာ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို အဟန့်အတားဖြစ်စေရန် တွန်းပို့နေသောသဘော သက်ရောက်နေသည်ဟု ယူဆမိပါတယ်။ သို့ဖြစ်ပါ၍ အိမ်မဲမဲဆန္ဒနယ်က ဒေါ်သန္တာတင်သွင်းသော ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ နေ့တွင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ၏ သတင်းထုတ်ပြန်ချက်အား ပြင်းထန်စွာကန့်ကွက်ကြောင်း အရေးကြီးအဆိုကို လေးနက်စွာထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်သန္တာတင်သွင်းတဲ့ အရေးကြီးအဆိုကို ဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ဒီအရေးကြီးအဆိုကို ဆက်လက် ဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်သန္တာ တင်သွင်းတဲ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ၏ သတင်းထုတ်ပြန်ချက်အား ပြင်းထန်စွာကန့်ကွက်ကြောင်း အရေးကြီးအဆိုကို လွှတ်တော်က ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဒေါ်သန္တာ၊ အိမ်မဲမဲဆန္ဒနယ်က တင်သွင်းသောအရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီအရေးကြီးအဆိုကို ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိပါက ၂၄-၇-၂၀၁၇ ရက် ဒီနေ့ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့တွင် တင်သွင်းခဲ့တဲ့ တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ အစီရင်ခံစာအပေါ်မှာ အကြံပြုဆွေးနွေးမယ့် သထုံမဲဆန္ဒနယ်က ဒေါ်မာမာခိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ တရားစီရင်ရေးဆိုတဲ့ကဏ္ဍ၊ တရားစီရင်ရေးမဏ္ဍိုင်ဆိုတာ အစိုးရနှင့် ပြည်သူများ အတွက် အရေးပါတဲ့အခန်းကဏ္ဍဖြစ်သလို ဒီတရားစီရင်ရေးမဏ္ဍိုင်ကြံ့ခိုင်တည့်မတ်နေခြင်းကလည်း အစိုးရတစ်ရပ်ရဲ့ ဂုဏ်သိက္ခာနှင့်သက်ဆိုင်နေပါတယ်။ ဒါကြောင့် ဒီတရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီရဲ့ အခန်းကဏ္ဍဟာဆိုရင်လည်း ကျွန်မတို့လွှတ်တော်နှင့် မဲဆန္ဒရှင်ပြည်သူတွေအတွက် အရေးကြီးတဲ့ကော်မတီတစ်ရပ်ဆိုရင် မမှားပါဘူး။ ကျွန်မအနေနဲ့ ဒီကော်မတီရဲ့ရည်ရွယ်ချက်တွေထဲက အပိုဒ်(က)ပါ တရားစီရင်ရေးနှင့် ဥပဒေရေးရာဆိုင်ရာလုပ်ငန်းတွေ၊ မှန်ကန်တရားမျှတမှုရှိရေးအတွက် ကူညီဆောင်ရွက်ရန်နှင့် အပိုဒ်(ခ)ပါ ဥပဒေနှင့်အညီ တရားစီရင်ရေး တရားရုံးအဆင့်ဆင့်မှာ သက်ဆိုင်သူများရဲ့ ရပိုင်ခွင့်ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ရရှိနိုင်ရေးအတွက် ညှိနှိုင်း ဆောင်ရွက်ပေးရန်ဆိုတဲ့အပိုဒ်ကို ဆွေးနွေးပါမယ်။ ကော်မတီကိုရောက်လာတဲ့တိုင်ကြားစာတွေနဲ့

ပတ်သက်လို့ရှိရင် တိုင်ကြားတဲ့သူတွေထဲမှာ ပြည်သူအချင်းချင်းဖြစ်ကြတဲ့ မတရားမှုတွေရယ်၊ ပြည်သူနဲ့ တရားရေးဆိုင်ရာဝန်ထမ်းတွေအပိုင်းဆိုပြီးတော့ တွေ့နိုင်ပါတယ်။ အဲဒီလိုတိုင်ကြားစာတွေကို စိစစ်ကြားနာတဲ့အခါမှာ မှန်ကန်မျှတမှုအတွက်ဆိုရင် ကော်မတီအနေနဲ့ ကျယ်ကျယ်ပြန့်ပြန့်လိမ့်ပတ်လည်အောင် ကြားနာနိုင်ဖို့နဲ့ ကြားနာနိုင်ဖို့ အခွင့်အရေးရဖို့အတွက်လည်း လိုအပ်တယ်လို့ ထင်ပါတယ်။ ဒီနေရာမှာလိုအပ်ရင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ရှေ့နေချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန စတာတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ရန် စီစဉ်သင့်ပါတယ်။ တစ်ခါတစ်ခါမှာ တိုင်ကြားတဲ့ကိစ္စတိုင်းကိုလည်း မှန်တယ်လို့မယူနိုင်တဲ့အခြေအနေမျိုးတွေလည်း ရှိပါတယ်။ တရားစီရင်ရေးနှင့်ပတ်သက်ပြီးတော့ တိုင်ကြားတဲ့ကိစ္စတွေဆိုရင် အထူးသတိထားရမှာပါ။ ဥပမာ - ပိုင်ရေး၊ ပိုင်ခွင့်နှင့်ပတ်သက်ပြီးတော့ စွဲဆိုတဲ့တရားမမှုတွေမှာဆိုရင် သက်ဆိုင်ရာပြဋ္ဌာန်းဥပဒေတွေအပြင်ကို ဆက်စပ်လေ့လာရမယ့် ဥပဒေတွေဖြစ်တဲ့ သီးခြားသက်သာခွင့်ဥပဒေ၊ ပဋိညာဉ်ဥပဒေ၊ စာချုပ်စာတမ်းဥပဒေ၊ ကာလစည်းကမ်းသတ်ဥပဒေ စတာတွေရှိတဲ့အတွက် အဲဒီတွေအပေါ်မှာ အများကြီးကျယ်ကျယ်ပြန့်ပြန့် လေ့လာရမှာဖြစ်ပါတယ်။ တစ်ခါတစ်ခါမှာ အချို့အမှုတွေမှာ တရားလိုက တရားရုံးကိုလာဖို့ တာဝန်ရှိပေမဲ့ တရားလိုမလာတဲ့အတွက် အမှုပလပ်လိုက်တာတွေ၊ တရားပြိုင်က သမ္မာန်စာအတည်ဖြစ်ရဲ့နဲ့ တရားရုံးတော်ကိုမရောက်လာတဲ့အတွက် တရားလိုဘက်က Exparty လျှောက်လို့ အမှုကို ပလပ်လိုက်တာတွေ၊ တစ်ဖက်သတ်ကြားနာလိုက်တာတွေ၊ အမိန့်ချမှတ်ခဲ့တာတွေနဲ့ပတ်သက်ပြီးတော့ ဒီတွေကို ကျွန်တော် ကျွန်မတို့ မတရားခံရပါတယ်လို့ ပြောလို့မရတဲ့ အခြေအနေမျိုးလည်း ရှိပါတယ်။ ဒါပေမဲ့ အမှန်တကယ် မတရားဖြစ်ခဲ့မယ်ဆိုရင်တော့ ကျွန်မတို့ ပြည်သူတွေဘက်က ပြတ်ပြတ်သားသား ရပ်တည်ရမှာပါ။ ဒါကြောင့် ကျွန်မ အထက်မှာတင်ပြခဲ့သလို အခြေအနေမှန်ကိုသိရဖို့အတွက် တိုင်ကြားတဲ့သူက တင်ပြလာတဲ့စာရွက်စာတမ်းတွေအပြင် မူလရုံးအမှုတွဲတွေကိုပါ ဆက်စပ်လေ့လာဖို့ လိုပါတယ်။ ဒီလိုလေ့လာနိုင်ဖို့ဆိုရင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ရှေ့နေချုပ်ရုံး စတာတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ဖို့လိုသလို တိုင်ကြားခံရတဲ့မဲဆန္ဒနယ်မှာရှိတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေကိုပါ ဖိတ်ခေါ်ကြားနာမှ ထိထိရောက်ရောက်ကူညီနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကော်မတီရဲ့ရည်ရွယ်ချက် အပိုဒ်(ဂ)နှင့် (ဃ)မှာပါတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားတဲ့ တန်းတူညီမျှမှုအခွင့်အရေး၊ ဝန်ထမ်းတွေနဲ့ပတ်သက်ပြီးတော့ မှန်ကန်စွာရရှိရေးအတွက် ကူညီဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင်လည်း ဒီလိုတန်းတူအခွင့်အရေးတွေကို ပြည်သူရော၊ ဝန်ထမ်းကိုရော ရဖို့က ကျွန်မတို့ ဥပဒေဘောင်ထဲကနေပဲ စီစဉ်ဆောင်ရွက်ပေးမှ ဖြစ်မှာပါ။ ဒါကို

ပြည်သူတွေသိဖို့လည်း ဘယ်လိုအသိပညာတွေပေးရမယ်။ ဘယ်လိုနှစ်သိမ့်ဆွေးနွေးမှုတွေ လုပ်ပေးရမယ်ဆိုတာကို ကော်မတီအနေနဲ့ ထည့်သွင်းစဉ်စားရမှာဖြစ်ပါတယ်။ မိမိပြည်သူတွေဖြစ်တဲ့ ဝန်ထမ်းတွေဘက်ကလည်း အခက်အခဲတွေကိုလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ရုံးချိန်းမကြာခဏချိန်းတဲ့ကိစ္စတွေ၊ အမှုကြန့်ကြာနေတဲ့အချို့ကိစ္စတွေမှာဆိုရင် တရားရေးကဏ္ဍက ဝန်ထမ်းတွေ ပျက်ကွက်မှုကြောင့်ဖြစ်နိုင်သလို တစ်ခါတစ်ခါမှာ သက်သေခေါ်ရတဲ့ရဲတွေရဲ့ပေါ့ဆမှု၊ သက်သေတွေရဲ့ တာဝန်မသိမှု၊ အမှုလိုက်ရှေ့နေတွေရဲ့ အချိန်ဆွဲမှုတွေကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ဒါ့အပြင် အမှုစစ်တဲ့တရားသူကြီးမလုံလောက်မှုကလည်း တရားစီရင်ရေးကို နှောင့်နှေးစေပါတယ်။ ဥပမာ - ကျွန်မတို့ သထုံမြို့နယ်မှာဆိုရင် တွဲဖက်မြို့နယ်တရားသူကြီး ထားရှိရမှာဖြစ်ပေမဲ့ တွဲဖက်မြို့နယ်တရားသူကြီး မရှိတဲ့အတွက် တစ်နေ့ကို မြို့နယ်တရားသူကြီးက အမှုပေါင်း ၄၀ ကျော်ကို စစ်နေရပါတယ်။ အဲဒီတော့ ရဲအချုပ်နောက်ကျတဲ့အခါ၊ သက်သေမစုံတဲ့အခါမှာ ဒီအမှုတွေက တော်ရုံနဲ့မပြီးလို့ အမှုကြန့်ကြာတယ်ဆိုပြီးတော့ ပြည်သူတွေက ပြောနေကြပါတယ်။ ဒါကြောင့် တရားသူကြီးတွေကို Positing အပြည့်ထားဖို့လည်း အကြံပြုစေချင်ပါတယ်။

အစီရင်ခံစာ အပိုဒ် ၂၆ မှာ ဖော်ပြထားတာကိုလည်း ကျွန်မအနေနဲ့ အလေးအနက် ထောက်ခံပါတယ်။ ဘာလို့လဲဆိုတော့ မူလရုံးက အမိန့်တွေကိုမကျေနပ်လို့ အဆင့်မြင့်ရုံးတွေကို တက်လာတဲ့အခါမှာ သက်ဆိုင်ရာအဆင့်မြင့်တရားရုံးတွေက တရားခံ၊ တရားပြိုင်တွေဘက်က နစ်နာမှုရှိလို့ ဒီလိုတက်လာတယ်ဆိုတာကို မစဉ်းစားဘဲနဲ့ လျှောက်လဲချက်ကိုလည်း နှစ်ဖက်သေသေချာချာမကြားနာဘဲ အမှုတွေကို SD လုပ်တဲ့အတွက် ကျွန်မတို့ ဒီကိစ္စတွေက ပြည်သူတွေနစ်နာတာကို ကော်မတီက တင်ပြထားတဲ့အတွက်လည်း ကြိုဆိုပါတယ်။ ရှေ့နေတွေကဏ္ဍနဲ့ပတ်သက်ပြီးတော့လည်း နယ်စားရှေ့နေ၊ ပွဲစားရှေ့နေတွေ စတာတွေကို ဝေဖန်ထားပေးတာလည်း အထူးကောင်းမွန်တဲ့အချက်တွေပါ။ Insolvency Law နဲ့ပတ်သက်ပြီးတော့ ကော်မတီဥက္ကဋ္ဌက ဂျပန်နိုင်ငံကိုသွားပြီးတော့ မြန်မာနိုင်ငံမှာ ပြဋ္ဌာန်းနိုင်ဖို့အတွက် လေ့လာညှိနှိုင်းခဲ့တဲ့အတွက် များစွာဂုဏ်ယူပါတယ်။ ဒီဥပဒေဟာ ၁၉၆၂ ခုနှစ်နောက်ပိုင်း ဆိုရှယ်လစ်စီးပွားရေးစနစ်ကစပြီး Slipping Law ဖြစ်နေပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ လက်ရှိအခြေအနေမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေအတွက် အထူးလိုအပ်တာမို့ မကြာခင်ဆွေးနွေး အတည်ပြုနိုင်တော့မယ်ဆိုတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဂုဏ်ယူမိပါတယ်။

နိဂုံးချုပ်အနေနဲ့ မြန်မာနိုင်ငံနဲ့ အစိုးရဂုဏ်သိက္ခာကို ဖော်ဆောင်ပေးမယ့် တရားစီရင်ရေး၊ ဥပဒေရေးရာတွေကို ဒီကော်မတီက ပိုမိုကြိုးစားဆောင်ရွက်တည့်မတ်ပေးနိုင်ပါစေ။ ဥပဒေမဲ့အပြုခံ

နေရတဲ့ ပြည်သူတွေအတွက်လည်း ဒီထက်ပိုပြီး ကြိုးစားပေးနိုင်ပါစေလို့ ဆန္ဒပြုရင်းနဲ့ နိဂုံးချုပ် အပ်ပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဒေါ်ခင်နှင်းသစ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ဦးစွာ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေးသို့ တင်သွင်းသည့် ပြည်သူ့လွှတ်တော်တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာအမှတ်စဉ်(၁/၂၀၁၇)အား ထောက်ခံပါကြောင်း တင်ပြလိုပါတယ်။ ဒါပေမဲ့ ကော်မတီ အစီရင်ခံစာရဲ့ အပိုဒ် ၃၇ နိဂုံးတွင် ဤကော်မတီသည် ပြည်သူ့လွှတ်တော်ကပေးအပ်သည့်တာဝန်နှင့် အကြံဉာဏ်ကို အလေးထားရယူ၍ ပြည်သူနှင့်အတူ ရှေ့သို့ချီတက်ဆောင်ရွက်သွားမည်ဟု ဖော်ပြထား ခြင်း၊ ဝေဖန်တုံ့ပြန်ချက်ဆိုတဲ့ သတင်းအချက်အလက်များများရလေ ရှင်းလင်းမှန်ကန်စွာ ဆောင်ရွက် နိုင်လေဖြစ်ပြီး တိုးတက်ကောင်းမွန်တဲ့အခြေအနေကို ရောက်ရှိလာမှာဖြစ်ခြင်းတို့ကြောင့် ကော်မတီရဲ့ အစီရင်ခံစာပါ တစ်နှစ်အတွင်းဆောင်ရွက်မှုများဟာ မိမိတို့ကို ပေးအပ်ထားတဲ့ တာဝန်နှင့်ကိုက်ညီမှု ရှိ/မရှိ အပြုသဘောဆောင်တဲ့ ဝေဖန်သုံးသပ်ချက်များ တင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဒီလိုဝေဖန်သုံးသပ်ရာမှာ ကော်မတီနှင့်ပတ်သက်ဆက်နွှယ်နေတဲ့ တိုင်းပြည်ရဲ့ အခြေအနေ၊ ပြည်သူ့ရဲ့မျှော်လင့်ချက်၊ အစိုးရရဲ့တာဝန်၊ လွှတ်တော်မှ အဆိုပါကော်မတီရဲ့တာဝန်များ အပေါ် သုံးသပ်အကြံပြုလိုပါတယ်။ ယနေ့ မြန်မာနိုင်ငံဟာ အပြောင်းအလဲကာလတစ်ခုကို ဖြတ်သန်း နေတဲ့အချိန်ဖြစ်ပါတယ်။ ဒါကြောင့် ပြောင်းလဲမှုဖြစ်စဉ်တိုင်းဟာ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ နှစ်ပေါင်း များစွာတွေ့ကြုံခံစားခဲ့ရတဲ့ ခါးသီးမှုတွေကို လွန်မြောက်တဲ့ဘက်ဆီကိုသာ ဦးတည်သင့်ပါတယ်။ ဖြစ်စဉ်ကောင်းတွေအတွက်လည်း အချိန်ဆွဲမနေဘဲ ဆောင်ရွက်ပေးမှသာ ပြည်သူ့ကောင်းကျိုးအတွက် ထိရောက်မြန်ဆန်မှာဖြစ်ပါတယ်။ မြန်မာပြည်သူတွေရဲ့ အဓိကမျှော်လင့်ချက်တွေထဲမှာ ဥပဒေစိုးမိုးမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် စိုးရိမ်ကြောင့်ကြပူပန်မှုမရှိဘဲ ဘေးကင်းလုံခြုံစွာနေလိုကြတဲ့အပြင် မိမိတို့ ရပိုင်ခွင့်ရှိတဲ့ အခွင့်အရေးတွေအတွက်လည်း ဥပဒေရဲ့အကာအကွယ်ကို ရယူလိုကြပါတယ်။ ဒီတော့ အစိုးရက မိမိလူ့အဖွဲ့အစည်း တည်ငြိမ်အေးချမ်းပြီး ဘေးကင်းလုံခြုံကာ အကြောက်တရားကင်းတဲ့ အနာဂတ်ကို ဖန်တီးဖို့ တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ယနေ့တိုင်းပြည်အခြေအနေထဲမှာ တရားစီရင်ရေးတိမ်းစောင်းနေမှု အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ ဥပဒေရဲ့အားနည်းနေမှုတွေရှိနေသေးတာမို့ ပြည်သူအချို့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဥပဒေရဲ့အကာအကွယ်ကို တန်းတူညီမျှမရရှိဘဲ နိုင်ငံသားအခွင့်အရေးတွေပါ လက်လွှတ်လိုက်ရတဲ့အခြေအနေတွေ ကြုံတွေ့နေရဆဲ ဖြစ်ပါတယ်။ ဒါကြောင့် ကောင်းသောပြောင်းလဲမှုအတွက် လွှတ်တော်မှ ထိန်းညှိဆောင်ရွက်ရန်တာဝန်ရှိရာ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီရဲ့တာဝန်အဖြစ် ပိုမိုကျရောက်ကြောင်းကို ကော်မတီရဲ့တာဝန်ကိုလေ့လာရင်သိရှိနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒါကတော့ ပြည်သူ့လွှတ်တော်ရုံးမှ ၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၆၆/၂၀၁၆)အရ ကော်မတီဖွဲ့စည်းမှုနှင့်တာဝန်ပေးအပ်ထားမှုတို့ ဖြစ်ပါတယ်။ ဒါကတော့ ကော်မတီရဲ့အစီရင်ခံစာပါ ရည်ရွယ်ချက်များဖြစ်ပါတယ်။ ကော်မတီကို တိုင်ကြားစာပေးပို့ရာမှာ တရားစီရင်ရေးအဖွဲ့အပေါ် မကျေနပ်ခြင်းနဲ့ ဥပဒေရဲ့အားနည်းချက်ကြောင့် မမျှတမှုအပေါ် တိုင်ကြားခြင်းတို့သာ ဖြစ်ပါလိမ့်မယ်။ ဒါနဲ့ပတ်သက်ပြီး မိမိတို့ကော်မတီရဲ့တာဝန်အရ ဘယ်လိုဆောင်ရွက်ခဲ့တယ်ဆိုတာ အစီရင်ခံစာမှာ တိတိကျကျဖော်ပြချက်မပါဝင်ပါဘူး။ ဒါ့အပြင် အခြားကော်မတီနဲ့ပူးပေါင်းဆောင်ရွက်တယ်လို့ဆိုရာမှာလည်း ဥပဒေကြမ်းကော်မတီကို တက်ရောက်လေ့လာပူးပေါင်းဆောင်ရွက်တယ်ဆိုတာသာပါပြီး ကော်မတီရဲ့တာဝန်နဲ့ရည်ရွယ်ချက်မှာပါတဲ့ တိုင်စာတွေထဲက ပြည်သူ့ဆန္ဒအရ ဘယ်ဥပဒေပြုပြင်ပြောင်းလဲဖို့လိုနေပြီဆိုတာကို ထောက်ပြဆောင်ရွက်ခဲ့ခြင်းမျိုး လုံးဝမတွေ့ရှိရပါဘူး။

ဒါကတော့ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီသို့ ပြည်နယ်နှင့်တိုင်းဒေသကြီးသို့ တင်ပြစာများရောက်ရှိမှုအခြေအနေဖြစ်ပါတယ်။ ထိုတင်ပြချက်ကို သုံးသပ်ပြရရင် တစ်လထက်တစ်လတိုင်တန်းတင်ပြမှုက ပိုနည်းသွားတာကို တွေ့ရပါတယ်။ ဒီနေရာမှာ မေးခွန်းထုတ်လိုတာကတော့ မြန်မာပြည်မှာမှုခင်းတွေ သိသိသာသာကျဆင်းသွားလို့လား။ တိုင်စရာမရှိတော့လောက်အောင် တရားစီရင်ရေးမဏ္ဍိုင်ကတည့်မတ်ပြီး အဂတိကင်းနေလို့လား။ ဒါမှမဟုတ် ပြည်သူက ကော်မတီကို အားကိုးလာမှုလျော့နည်းလာနေလို့လားဆိုတာတို့ပဲ ဖြစ်ပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာပါ တွေ့ရှိချက်၊ သုံးသပ်ချက်များအရလည်းကောင်း၊ ပြည်ပသတင်းမီဒီယာတွေနဲ့ စာစောင်တွေရဲ့ ဖော်ပြချက်အရလည်းကောင်း၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းကာလအတွင်း တရား စီရင်ရေးကဏ္ဍတည့်မတ်ပေးရေးအဆိုနဲ့ အဂတိတိုက်ဖျက်ရေးအဆိုတို့ လွှတ်တော်မှ

အတည်ပြုထားရ တဲ့အခြေအနေတို့ကြောင့် အထက်ပါမေးခွန်းတွေထဲက ဘယ်အဖြေဖြစ်မလဲဆိုတာကို ခန့်မှန်းသိရှိနိုင် မှာဖြစ်ပါတယ်။ ဒါကတော့ ကော်မတီရဲ့တင်ပြစာအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေဖြစ်ပါတယ်။ ထိုဖော်ပြချက်အားသုံးသပ်တင်ပြရရင် တစ်နှစ်အတွင်း တင်ပြစာပေါင်း ၁၁၃၂ မှုရှိပြီး ပြီးစီးမှု ၇၃၇ မှုရှိကြောင်း ဖော်ပြထားပါတယ်။ ပြီးစီးမှု ၇၃၇ မှုဆိုရာမှာလည်း မှတ်တမ်းတင်ခြင်း၊ သက်ဆိုင်ရာသို့ လွှဲပြောင်းခြင်းများသာဖြစ်ပြီး၊ ဆောင်ရွက်ဆဲအမှု ၃၉၅ မှုလို့ ဖော်ပြထားပါတယ်။ အစီရင်ခံစာရဲ့ စာမျက်နှာ ၈ မှာ အစီရင်ခံစာကာလအတွင်း ကြားနာမှု ခုနစ်မှုသာရှိပြီး လွှတ်တော်သို့ အစီရင်ခံပြီးအမှု မပါဝင်ကြောင်းကို တွေ့ရှိရပါတယ်။ ဒါကြောင့် ကော်မတီရဲ့ ဆောင်ရွက်မှုများဟာ ပေးအပ်ထားတဲ့ တာဝန်နှင့်နှိုင်းယှဉ်ရင် အားနည်းနေးကွေးနေတယ်လို့ ထောက်ပြအကြံပြုလိုပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ လွှတ်တော်ရဲ့ကော်မတီဆိုတာ လွှတ်တော် အငယ်စားလေးတွေဖြစ်ပြီး ထိုလွှတ်တော်အငယ်စားလေးတွေအားကောင်းမှ လွှတ်တော်ကြီး အားကောင်းမှာဖြစ်ပါတယ်။ ဒါကြောင့်အဆိုပါကော်မတီအနေနဲ့ မိမိတို့ကို ပေးအပ်ထားတဲ့ တာဝန်နှင့် ရည်ရွယ်ချက်ကောင်းတွေနဲ့ အစီရင်ခံစာ အပိုဒ် ၃၇ နိဂုံးပါအတိုင်း ထိရောက်စွာအကောင်အထည် ဖော်ဆောင်ရွက်ဖို့ အကြံပြုအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းသန်းသန်းလွင်(ဘားအံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းလွင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးကို တင်သွင်းတဲ့ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနဲ့ဥပဒေရေးရာကော်မတီ ရဲ့လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှစ်ပတ်လည်အစီရင်ခံစာအမှတ်စဉ်(၁/၂၀၁၇)ကို ထောက်ခံအကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီအစီရင်ခံစာရဲ့နိဒါန်းမှာဆိုရင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ အမိန့်ကြော်ငြာစာအမှတ်(၆၆/၂၀၁၆)နဲ့ စတင် ဖွဲ့စည်းခဲ့တဲ့ကော်မတီလည်း ဖြစ်ပါတယ်။ နိဂုံးမှာတော့ ပြည်သူ့လွှတ်တော်က ပေးအပ်တဲ့တာဝန်နဲ့ အကြံဉာဏ်ကို အလေးထားရယူ၍ ပြည်သူများနှင့်အတူရှေ့သို့ချီတက်ဆောင်ရွက်သွားမည်ဖြစ်

ကြောင်းလို့ တင်ပြတဲ့အစား ပြည်သူများအတွက် တရားမျှတမှု၊ ဘေးကင်းလုံခြုံမှုရှိသော တရားစီရင်ရေးစနစ်အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းကို တင်ပြနိုင်ပါက ပိုမိုကောင်းမွန်တဲ့အစီရင်ခံစာဖြစ်မယ်လို့ အကြံပြုအပ်ပါတယ်။ ဒါ့အပြင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့မှာ တရားစီရင်ရေးကဏ္ဍ တိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို တိုက်တွန်းတဲ့အဆိုဟာ ပြည်သူ့လွှတ်တော်မှာအတည်ပြုထားတဲ့အဆိုနဲ့ အခြားအခြားသော တရားစီရင်ရေး၊ ဥပဒေရေးရာမေးခွန်းတွေကို ကော်မတီကနေပြီး အလေးထားမှတ်သားပြီးတော့ လိုအပ်တဲ့ဆောင်ရွက်မှုတွေကို ကြပ်ကြပ်မတ်မတ်အလေးထားဆောင်ရွက်သင့်တယ်လို့ ယူဆမိပါတယ်။ ဒါမှသာလျှင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းမှာ တရားစီရင်ရေးနဲ့ ဥပဒေရေးရာကော်မတီရဲ့စွမ်းဆောင်နိုင်မှုတွေဟာ ပြန်တမ်းဝင်ထင်ရှားနိုင်မှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ကော်မတီရဲ့ဆောင်ရွက်ချက်များမှာ တာဝန်ခွဲဝေဆောင်ရွက်ခြင်းရဲ့ (၁)မှာတော့ ရည်ရွယ်ချက်ပါလုပ်ငန်းတွေကို အကောင်အထည်ဖော်တဲ့နေရာမှာ တိုင်ကြားစာပါ သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိရေး၊ တရားစီရင်ရေးအဖွဲ့အဆင့်ဆင့်ရဲ့ဆောင်ရွက်မှုအပေါ် စိစစ်ဆောင်ရွက်ပေးရေး၊ တရားစွဲအဖွဲ့အစည်းများဖြစ်တဲ့ ဥပဒေအရာရှိများနဲ့ရဲများအပေါ်မှာ အရေးယူပေးရေးတွေ ပါဝင်တယ်လို့ ဖော်ပြထားပါတယ်။ ကောင်းပါတယ်။ ဒါကိုလည်း ကျွန်မက ထောက်ခံပါတယ်။ သို့သော်လည်း လယ်ယာမြေရရှိရေးတိုင်ကြားစာတွေကို ကော်မတီမှ ဆောင်ရွက်နိုင်စွမ်းမရှိတဲ့အတွက် တာဝန်ရှိအဖွဲ့အစည်းကို လွှဲပြောင်းပေးခဲ့တယ်လို့ ဖော်ပြပါရှိပါတယ်။ ဒီအချက်ကတော့ ကော်မတီဝင်များဟာ ပြည်သူကရွေးကောက်တဲ့ပြည်သူ့ကိုယ်စားလှယ်ဖြစ်တာနှင့်အညီ ပြည်သူများက တိုင်ကြားလာတဲ့ လယ်ယာမြေသိမ်းဆည်းခံရတဲ့အမှုဖြစ်စေ၊ လယ်ယာမြေပိုင်ဆိုင်မှုအငြင်းပွားတဲ့ကိစ္စဖြစ်စေ သက်ဆိုင်ရာဥပဒေတွေနဲ့စိစစ်ပြီး မျှတသောဖြေရှင်းချက်တွေ ပြုလုပ်ပေးပါက ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းပေးတဲ့ ပြည်သူ့ကိုယ်စားလှယ်ဖြစ်အောင် ဆောင်ရွက်သင့်တယ်လို့ အကြံပြုလိုပါတယ်။ ကော်မတီရဲ့အစီရင်ခံစာအပိုဒ် ၁၅ မှာ တိုင်ကြားလာတဲ့အမှုတွေကို ကြားနာခြင်းပြုလုပ်ရာမှာ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို ဖိတ်ကြားပြီး လိုအပ်တဲ့ အကြံဉာဏ်တွေ ရယူခဲ့တယ်လို့ သိရှိရပါတယ်။ ဒီအချက်မှာလည်း ပြည်သူ့လွှတ်တော်က ဖွဲ့စည်းတဲ့ဥပဒေရေးရာလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွေရှိသလို တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်တွေမှာလည်း ဥပဒေရေးရာလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွေ ဖွဲ့စည်းထားပါတယ်။ တိုင်းဒေသ

ကြီးနှင့် ပြည်နယ်ဥပဒေရေးရာ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဟာ ဥပဒေရေးရာနှင့် စပ်လျဉ်းပြီးတော့ ဆောင်ရွက်နိုင်မှုတွေမရှိသလောက် အားနည်းခဲ့ပါတယ်။ ဒါ့အပြင်ကို ကော်မရှင်မှာပါတဲ့ တရားသူကြီးတွေ၊ ဥပဒေဝန်ထမ်းတွေဟာလည်း ခဏခဏအပြောင်းအရွှေ့တွေရှိခဲ့တာကြောင့် ဥပဒေများကို လေ့လာခြင်း၊ သုံးသပ်ခြင်း၊ ဆန်းစစ်ခြင်းတွေ မလုပ်နိုင်ခဲ့ပါဘူး။ အားနည်းခဲ့ပါတယ်။ အကယ်၍များ ဒါကြောင့် ဒီကော်မတီအနေနဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေရဲ့ ဥပဒေရေးရာနှင့် လေ့လာသုံးသပ်သုံးသပ်ရေးကော်မရှင်တွေကို ဖိတ်ခေါ်တွေ့ဆုံညှိနှိုင်းမှုတွေ ပြုလုပ်ပေးနိုင်မယ်ဆိုရင် ဥပဒေရေးရာကိစ္စတွေကို တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဥပဒေရေးရာကိစ္စနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ ဇယား(၁)မှာ ဖော်ပြထားတဲ့ ပြည်ထောင်စုဥပဒေပြုစာရင်းပါ ကိစ္စရပ်နဲ့စပ်လျဉ်းပြီး ပြည်ထောင်စုတစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း၊ အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိတယ်လို့ ဖော်ပြထားပါတယ်။ ဒီကော်မတီဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ၉၆ ပါ ဇယား(၁)ရဲ့ အပိုဒ် ၁၁ တရားစီရင်ရေးကဏ္ဍ၊ ဥပဒေရေးရာကိစ္စတွေကို စဉ်ဆက်မပြတ်ဖြစ်ပေါ်ပြောင်းလဲမှုတွေကို သိရှိဆောင်ရွက်နိုင်မယ်ဆိုရင် ကော်မတီရဲ့အစီရင်ခံစာပါ ရည်ရွယ်ချက်(ဂ)ကို အကောင်အထည်ဖော်ဆောင်ရွက်ရာရောက်မှာ ဖြစ်ပါတယ်။ တရားစီရင်ရေးကဏ္ဍနှင့်စပ်လျဉ်းပြီးတော့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၉ မှာ တရားစီရင်မှုများကို ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေးဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်မှာ တရားစီရင်ရေးအမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နဲ့ အယူခံပိုင်ခွင့်ရရှိရေးလို့ ဖော်ပြထားပါတယ်။ ကော်မတီအနေနဲ့ဥပဒေနဲ့ညီ/မညီ၊ ဥပဒေနဲ့ဆောင်ရွက်ခြင်းရှိ/မရှိကိုလည်း လေ့လာစောင့်ကြည့်သင့်ပါတယ်။ ဒါ့အပြင် ရာဇဝတ်ကြောင်းနဲ့တရားစွဲခံရတဲ့ ပြည်သူ မည်သူ့ကိုမဆိုအစိုးရရှေ့နေ တစ်နည်းအားဖြင့် ဥပဒေဝန်ထမ်းများမှ အမှုလိုက်ပေးရပါတယ်။ ဒီအစိုးရရှေ့နေဟာ အမှုလိုက်ရာမှာ အမှီအခိုကင်းပြီး သမာသမတ်လည်းကျရပါမယ်။ အမှီအခိုကင်းအောင် အစိုးရကလည်း တာဝန်ယူရမှာဖြစ်ပါတယ်။ သို့မှသာ တရားစီရင်ရေးနဲ့ ရှေ့နေပညာရှင်တွေဟာ ကောင်းမွန် သောတရားစီရင်ရေးဆိုင်ရာ စီမံခန့်ခွဲမှုတရားဥပဒေစိုးမိုးရေးကို ကာကွယ်ထိန်းသိမ်းနိုင်မှာဖြစ်တဲ့အတွက် ကော်မတီရဲ့တာဝန်အရ တည့်မတ်ထိန်းညှိပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကော်မတီအနေနဲ့ ပေးအပ်ထားသောတာဝန်နှင့်အညီ ထိထိရောက်ရောက်ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းအကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးမြင့်ဦး(မကွေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနဲ့ ဥပဒေရေးရာကော်မတီ၏နှစ်ပတ်လည်အစီရင်ခံစာနဲ့ပတ်သက်ပြီးတော့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ရည်ရွယ်ချက်ပိုင်းအနေနဲ့ တရားစီရင်ရေးနဲ့ဥပဒေဆိုင်ရာလုပ်ငန်းများ မှန်ကန်မှု၊ တရားမျှတမှုရှိစေရန်အတွက် ကူညီဆောင်ရွက်ရန် ဥပဒေနှင့်အညီ တရားစီရင်ရေးတရားရုံးအဆင့်ဆင့်တွင် သက်ဆိုင်သူများ၏ရပိုင်ခွင့်များကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ရရှိဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်ဆိုတဲ့ ရည်ရွယ်ချက်တွေဟာ လက်ရှိတရားစီရင်ရေးနဲ့ဥပဒေဆိုင်ရာလုပ်ငန်းတွေမှာ လိုအပ်လျက်ရှိပြီးတော့ တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်လုံခြုံမှုနှင့် တရားမျှတမှုအခွင့်အရေးတို့ကို ကြိုးစားအားထုတ်ဆောင်ရွက်ရန်ရည်ရွယ်ချက်များမှာ အထူးကောင်းမွန်တဲ့ရည်ရွယ်ချက်များ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နှစ်ဖက်အမှုသည်တို့အား ကြားနာခြင်းကိစ္စနှင့်ပတ်သက်ပြီး တင်ပြလိုပါတယ်။ ဒီကော်မတီဟာ အထက်အပိုဒ် ၂ ပါဖော်ပြထားတဲ့ ရည်ရွယ်ချက်ပါ ပြဋ္ဌာန်းချက်များကို မှီငြမ်းပြီးတော့မှ နှစ်ဖက်အမှုသည်တွေကို ကြားနာခြင်းများ ပြုလုပ်ခဲ့ကြောင်းနဲ့ ဒီလိုပြုလုပ်တဲ့နေရာမှာ တိုင်ကြားသူရဲ့ဆန္ဒအရပါမဟုတ်ဘဲနဲ့ တိုင်ကြားခံရသူရဲ့ဆန္ဒကိုပါ ယူပြီးတော့ နှစ်ဖက်ကြားနာခဲ့ကြောင်း လေ့လာသိရှိခဲ့ရပါတယ်။ အစီရင်ခံတဲ့ကာလမှာ ကြားနာမှုခုနစ်မှုဆောင်ရွက်ခဲ့ပြီးတော့ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ဥပဒေပညာရှင်များကို ဖိတ်ကြားပြီးတော့ လိုအပ်တဲ့အကြံဉာဏ်များရယူခြင်းနဲ့ အကြံပေးဆွေးနွေးချက်များမှာ အမှုသည်များအနေဖြင့်လည်း ကျေနပ်တဲ့အကြောင်းကို တွေ့ရှိရပါတယ်။ လေ့လာခဲ့ရပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီတွေ့ရှိချက်အပိုင်းမှာ တရားရုံးတွေမှာ တရားသူကြီးအချို့ရဲ့ အမှုသည်များအပေါ်မှာမောက်မာနေပုံ၊ မလိုအပ်ဘဲဖြစ်စေ၊ ဘက်လိုက်၍ဖြစ်စေ အမှုသည်များအပေါ်မှာ မရိုးမသားပုံတွေဟာ ဖော်ပြထားတာတွေ့ရပါတယ်။ တချို့ရဲစခန်းတွေမှာလည်း မှားယွင်းစွာလုပ်ကိုင်ပုံ၊ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားလွှာ(၁၇/၆၄)ကိုမလိုက်နာပုံ ဒါတွေကို လေ့လာခဲ့ရပါတယ်။ ရှေ့နေများအနေနဲ့လည်း ဥပဒေပညာရှင်တွေဖြစ်ပြီးတော့ ဥပဒေနဲ့မွန်မြတ်တဲ့ အသက်မွေးဝမ်းကြောင်းပြုသင့်ပါလျက် လာဘ်ပေးလာဘ်ယူပွဲစားများအဖြစ် ဆောင်ရွက်နေတာတွေလည်း တင်ပြထားပါတယ်ခင်ဗျား။

**မူကြမ်း**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြတဲ့အမှုပေါင်း ၁၁၃၂ မှုမှာ ၇၃၇ မှု ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ၆၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးကြောင်းလည်း တွေ့ရှိရပါတယ်။ တရားရေးမဏ္ဍိုင်တည့်မတ်ရေးအတွက် ကော်မတီအနေဖြင့် တရားရုံးများကို အခါအားလျော်စွာ ကွင်းဆင်းကြည့်ရှု၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဆိုပါက တရားရေးမဏ္ဍိုင်ပိုမိုတောင့်တင်းခိုင်မာလာမည်ဖြစ်ကြောင်း အကြံပြုတင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဉာဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးသို့ကြွရောက်လာသော ပုဂ္ဂိုလ်များအားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၁၀-၇-၂၀၁၇ ရက်နေ့ ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့နှစ်ပတ်လည်အစီရင်ခံစာ(၁/၂၀၁၇) နဲ့ပတ်သက်ပြီးတော့ အကြံပြုချက်နှစ်ချက်နှင့်အတူ ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ အကြံပြုချက်(၁)အနေနဲ့ကတော့ ကော်မတီရဲ့အစီရင်ခံစာကို ကြည့်မယ်ဆိုလို့ရှိရင် တရားရေးကဏ္ဍရဲ့ ချို့ယွင်းချက်၊ အားနည်းချက်တွေကို ထောက်ပြထားတာ တွေ့ရှိရပါတယ်။ ဒါပေမဲ့ ဒီထောက်ပြတဲ့ ချို့ယွင်းချက်၊ အားနည်းချက်တွေနဲ့ပတ်သက်ပြီးတော့ တိကျခိုင်မာတဲ့ အထောက်အထားပါတာကို မတွေ့ရှိရပါဘူး။ ဒါဟာ အန္တရာယ်ကို ဖိတ်ခေါ်သလိုဖြစ်တတ်တယ်ဆိုတဲ့အကြောင်းကို ကျွန်တော့်အနေနဲ့အပြုသဘောနဲ့ သတိပေးရင်းနဲ့ နံပါတ်(၁)အနေနဲ့ အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်။ နံပါတ်(၂)အနေနဲ့ ကျွန်တော့်အနေနဲ့အကြံပြုဆွေးနွေးတင်ပြလိုတာကတော့ မြန်မာနိုင်ငံရဲ့တရားစီရင်ရေးကဏ္ဍကိုကြည့်မယ်ဆိုလို့ရှိရင် တိုင်ကြားမှုနဲ့ပတ်သက်တဲ့ပြဿနာတွေ၊ တရားမမှုနဲ့ စွဲဆိုရမယ့်ကိစ္စကို ရာဇဝတ်တရားစီရင်ရေးကဏ္ဍကို အလွဲသုံးစားပြုလုပ်ပြီးတော့ ဖြတ်လမ်းနဲ့ တရားစွဲထားတဲ့ကိစ္စတွေ၊ အာမခံပေးတာ/မပေးတာတွေ စသည်အားဖြင့် ပြဿနာအများကြီးဟာ ပြောမဆုံးအောင် တောသုံးတောင်လို့ဆိုရလောက်အောင် ပြဿနာပေါင်းစုံရှုပ်ထွေးနေတာကို တရားစီရင်ရေးကဏ္ဍမှာ တွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်လိုက်ခဲ့တဲ့အမှုလေးတစ်ခုနဲ့ပတ်သက်ပြီး သာဓကဆောင်ပြီးတော့ ကျွန်တော်တင်ပြဆွေးနွေးသွားပါ့မယ်။ အဲဒီလိုကျွန်တော်တင်ပြဆွေးနွေးတဲ့ အခါမှာ အဓိကအနေနဲ့ Check and Balance ဆိုတဲ့အခန်းကဏ္ဍကို ကျွန်တော်မူတည်ပြီးတော့

ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီ Check and Balance ဆိုတဲ့ ကဏ္ဍကြီးသုံးရပ်မှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍကြီးသုံးရပ်မှာ Check and Balance ဆိုတာ အင်မတန် အရေးကြီးတယ်ဆိုတာ ဒီမိုကရေစီစနစ်မှာ တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့ ဒီကဏ္ဍ သုံးရပ်ရဲ့အခြေအနေကို ကြည့်မယ်ဆိုလို့ရှိရင် အုပ်ချုပ်ရေးကဏ္ဍ အစိုးရနဲ့ တရားစီရင်ရေးကဏ္ဍက ကျွန်တော်တို့ ဥပဒေပြုလွှတ်တော်ထဲအထိ ထဲထဲဝင်ဝင်ရောက်ပြီးတဲ့အခါကျတော့ ဥပဒေကြမ်းတွေ ပြုစုတယ်။ ဆွေးနွေးတယ်။ နောက်ဆုံး သဘောထားမှတ်ချက်တွေပေးပြီးတော့ကို ထဲထဲဝင်ဝင် ဆောင်ရွက်နေတာ တွေ့ရှိရပေမဲ့ ကျွန်တော်တို့ ဥပဒေပြုကဏ္ဍ ပြည်သူ့လွှတ်တော်ကနေပြီးတော့ လက်တံကြီး ၁၉ ခုနဲ့ ဥပဒေကြမ်းပြုစုခြင်းနဲ့ Check and Balance ထိန်းကျောင်းခြင်းကို ပြုစုနေတဲ့ နေရာမှာ တရားစီရင်ရေးနှင့်ပတ်သက်ပြီးတော့ ဒီလက်ရှိကော်မတီပေါ့။ တရားစီရင်ရေးနှင့် ဥပဒေပြု ရေးကော်မတီဟာ တရားစီရင်ရေးကို ထိန်းကျောင်းဖို့ အင်မတန်အရေးကြီးတဲ့ကော်မတီတစ်ခုဖြစ်တာ ကို တွေ့ရှိရပါတယ်။ အခုနတုန်းက အုပ်ချုပ်ရေးကဏ္ဍနဲ့ တရားစီရင်ရေးကဏ္ဍဟာ ကျွန်တော်တို့ ဥပဒေပြုလွှတ်တော်မှာ ထဲထဲဝင်ဝင်ဆောင်ရွက်နေပေမဲ့ သူတို့ဆောင်ရွက်နေတဲ့ အစိုးရလုပ်ငန်းတွေ၊ တရားစီရင်ရေးဆုံးဖြတ်တာတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက တစ်ဦးတစ်ယောက်မျှ ဝင်ပြီးတော့ သဘောထားပေးခြင်း၊ ကြားနာခြင်းပြုရတာမျိုး အနေအထား မရှိပါဘူး။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ကြားဖြတ်အစီရင်ခံစာမျိုးကို တင်သင့်တယ်ဆိုတာကို ဒီ Check and Balance နဲ့ပတ်သက်ပြီး ကျွန်တော် ဥပမာပေးပြောလိုပါတယ်။ ကျွန်တော် ဒီရွှေပြည်သာမှာ လိုက်နေတဲ့အမှုတစ်ခုဆိုလို့ရှိရင် အထက်တန်းပြဆရာမတစ်ယောက်က ကျောင်းတွင်း ငွေစုငွေချေးကိစ္စနှင့်ပတ်သက်ပြီးတော့ ငွေစုငွေချေးကိစ္စကို ယုံကြည်အပ်နှံမှုဖြစ်တယ် ဆိုပြီးတော့ ဆရာမ ကိုးဦးကနေပြီး တစ်ကျောင်းတည်းကနေပြီးတော့ ၄၀၆ နဲ့ ကိုးမှုတိတိ တရား စွဲခံထားရတယ်။ စွဲတဲ့အခါမှာ အမှုဟာဆိုလို့ရှိရင် ဘာဖြစ်လဲဆိုတဲ့ခါကျတော့ စစ်ဆေးနေတဲ့အချိန်မှာ အတိုးပေးရတဲ့ကိစ္စတွေ၊ ကျောင်းထဲမှာ ငွေစုငွေချေးလုပ်တာတွေ သက်သေထွက်ချက်ပေါ်တယ်ဆို တာကို ကျွန်တော်အခုသိရှိရပါတယ်။ ဒါပေမဲ့လို့ ဒီအစီရင်ခံစာမျိုးဟာ တက်လာပြီးတော့ ရာဇဝတ် တရားစီရင်ရေးလမ်းကြောင်းကို အလွဲသုံးစားပြုပြီးတော့ တရားမမှုနဲ့စွဲရမယ့်ကိစ္စကို လုပ်နေပါတယ် လို့၊ ဒီလိုတွေ့ရှိချက်တွေလည်း အတိုးပေးတာတွေ၊ ယူတာတွေ တွေ့ပါတယ်ဆိုပြီးတော့ ကျွန်တော်တို့ ဒီကော်မတီကို တင်ပြလာခဲ့လို့ရှိရင် ကျွန်တော်တို့ကော်မတီအနေနဲ့ ကြားဖြတ်အစီရင်ခံပြီးတဲ့အခါမှာ

ဒါကိုလွှတ်တော်ဥက္ကဋ္ဌကြီးဆီကို ပြန်လည်တင်ပြပြီးတော့ လွှတ်တော်ဥက္ကဋ္ဌကြီးကနေ တရားလွှတ်တော်ချုပ်ကို ကျွန်တော်တို့က ဒီဥစ္စာကို Check and Balance အနေနဲ့ ထိန်းသိမ်းပြီးတော့ ပေးပို့မယ်ဆိုရင် တရားလွှတ်တော်ချုပ်ကနေပြီးတော့ စာချွန်တော်တစ်ခုခုနဲ့ ဒီအမှုကို ခေါ်ယူပြီးတော့ ဆုံးဖြတ်လိုက်မယ်ဆိုလို့ရှိရင် မှန်မှန်ကန်ကန်နဲ့ဆုံးဖြတ်လိုက်လို့ သူတင်ပြချက်တွေကလည်း၊ အမှုသည်တင်ပြချက်တွေကလည်း မှန်ကန်တယ်ဆိုရင် ပြည်သူတစ်ယောက်က အမြန်ဆုံးဒုက္ခဘေးအန္တရာယ်ကနေပြီးတော့ လွတ်ကင်းသွားမှာပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကြားဖြတ်အစီရင်ခံစာတွေနဲ့ ဒီကော်မတီကနေ ဆောင်ရွက်ပြီးတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးဆီကို အစီရင်ခံစာတင်ပြီးတော့ တရားစီရင်ရေးကဏ္ဍကို ထဲထဲဝင်ဝင်ထိန်းသိမ်းကြပ်မတ်သင့်ပါတယ်လို့ ကျွန်တော့်အနေနဲ့တင်ပြဆွေးနွေးရင်းကနေပြီးတော့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုးမောက်မဲဆန္ဒနယ်မှ ဦးဝင်းအောင် ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းအောင်(မိုးမောက်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ဧည့်သည်တော်များအားလုံး ကာယစိတ္တ၊ နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းပို့သပြီး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မိုးမောက်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်ဖြစ်ပါတယ်။ ကျွန်တော်က ဥပဒေပညာရှင်မဟုတ်ပေမဲ့ ကျွန်တော့်မှာရှိတဲ့အတွေ့အကြုံများအရ ဒီတရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့ အစီရင်ခံစာကို အကြံပြုပြီးဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။ အစီရင်ခံစာမှာပါတဲ့ရည်ရွယ်ချက်မှာ ကျွန်တော်တို့ ရည်ရွယ်ချက်(ဂ)မှာ တန်းတူညီမျှမှုနဲ့ ရည်ရွယ်ချက်(ဃ)မှာ နိုင်ငံ့ဝန်ထမ်းများ၏အခွင့်အရေးများ မှန်ကန်စွာရရှိရေးအတွက် စိစစ်ကူညီဆောင်ရွက်ပေးရန်ဆိုတဲ့အတိုင်းပဲ ကျွန်တော်တို့ အောက်ခြေကနေ ရိုးသားကြိုးစားပြီးတော့မှ တက်လာတဲ့ဝန်ထမ်းတွေဟာ အထက်မှာပိတ်နေတဲ့ နှစ်သီးစားအရာရှိတွေလောက်တော့ တန်းတူညီမျှမှုအခွင့်အရေး မရရှိပါဘူး။ ဒီဟာကိုလည်း ကော်မတီအနေနဲ့ စိစစ်ကူညီသင့်ပါကြောင်း ကျွန်တော်အကြံပြုတိုက်တွန်းလိုပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ကော်မတီဟာ စာမျက်နှာ(၅)မှာပါတဲ့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေအခန်း(၂)ပါ တရားစီရင်ရေးမူတွင်ပါရှိသော ပုဒ်မ ၃ အရ ပြည်သူအချင်းချင်းနှင့်ပတ်သက်သောအမှုကို ဥပဒေဘောင်အတွင်းက ကျေအေးကြေးဆိုတဲ့ ပြဋ္ဌာန်းချက်အရလည်းကောင်းဆိုတဲ့အတိုင်းပဲ ကျွန်တော်တို့ အမှုတစ်ခုဖြစ်ပြီဆိုတာနဲ့ ပြည်သူအချင်းချင်းအမှုဖြစ်လို့ ကျေအေးပြီဆိုတာနဲ့ ဒီကျေအေးချက်က

ဥပဒေအရာရှိကို အရင်တင်ရပါတယ်။ ဥပဒေအရာရှိကိုတင်ပြီးတော့ ဥပဒေအရာရှိကနေပြီးတော့ မြို့နယ်ရဲတပ်ဖွဲ့မှူးကိုတင်ပါတယ်။ မြို့နယ်ရဲတပ်ဖွဲ့မှူးကို ကျွန်တော်တို့ သဘောထားမှတ်ချက်တောင်းပါတယ်။ သဘောထားမှတ်ချက်တောင်းတဲ့နေရာမှာ မြို့နယ်ရဲတပ်ဖွဲ့မှူးနဲ့ မပြီးပါဘူး။ ခရိုင်ရဲတပ်ဖွဲ့မှူးကို သဘောထားမှတ်ချက်ပြန်တောင်းပါတယ်။ ခရိုင်ရဲတပ်ဖွဲ့မှူးကနေ ပြည်နယ်ရဲတပ်ဖွဲ့မှူးကို သဘောထားမှတ်ချက်ပြန်တောင်းပါတယ်။ ဒီလိုအဆင့်ဆင့်သွားနေခြင်းဟာ ကျွန်တော်တို့ ကြိုးနီစနစ်ကြီးကို အခိုင်အမာအသက်သွင်းနေခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေရဲ့အားနည်းချက်က ဥပဒေရဲ့အားနည်းချက်လား၊ နည်းဥပဒေရဲ့အားနည်းချက်လားဆိုတာကို ကော်မတီက စောင့်ကြည့်စိစစ်ပြီးတော့မှ ဒါ ပြင်ဆင်သင့်ပါကြောင်း အကြံပြုလိုပါတယ်ခင်ဗျား။ နောက်တစ်ခုကတော့ ရဲအရေးပိုင်တဲ့ပုဒ်မတွေမှာ ရဲကနေပြီးတော့မှ ဒီအမှုစစ်အရာရှိ(I.O)ကနေပြီးတော့မှ ကျွန်တော်တို့ ဥပဒေအရာရှိအထိ အကြံတောင်းတင်ပါတယ်။ အဲဒီအကြံတောင်းတင်တဲ့ဥပဒေအတိုင်း ဥပဒေအရာရှိက ချမှတ်လိုက်ခြင်းကလည်း ဒါ ဥပဒေအရ မလျော်ညီပါဘူး။ အမှန်ကတော့ ဥပဒေအရာရှိအနေနဲ့ ပြင်ဆင်သင့်တာပြင်ဆင်ရမှာဖြစ်ပေမဲ့လည်း ကိစ္စတော်တော်များများမှာ ဥပဒေအရာရှိကမပြင်ဆင်ဘဲနဲ့ အမှုစစ်အရာရှိရဲ့ အကြံတောင်းအတိုင်းသာ တင်လိုက်ခြင်းဖြစ်တဲ့အတွက် ဒီဟာကိုလည်း ကျွန်တော်တို့ ရှေ့နေချုပ်ရုံးနဲ့ ညှိနှိုင်းပြီးတော့မှ ဆောင်ရွက်သင့်ပါကြောင်း ကော်မတီကို အကြံပြုလိုပါတယ်ခင်ဗျား။ နောက်တစ်ခုက ကျွန်တော်တို့ စာမျက်နှာ ၁၁ မှာပါတဲ့ တရားစီရင်ရေးကဏ္ဍတွေမှာ အချို့အဖွဲ့အစည်းတွေဟာ ယခင်ကထက် ပူးပေါင်းဆောင်ရွက်မှုရှိသော်လည်း အများစုမှာ ပြောင်းလဲမှုမရှိသေးလို့ တွေ့ရှိရပါတယ်။ ဥပမာအားဖြင့် တရားမမှုတွေမှာ အမှုနိုင်တဲ့လူက ဇာရီမှုထပ်တင်တဲ့အခါမှာ ကျွန်တော်တို့ ဒါ ဘီးလစ်စာရေးကနေပြီးတော့မှ ဇာရီမှုပြီးသွားလို့ ဘီးလစ်စာရေးကနေပြီးတော့ သွားပြီးတော့ အမှုပစ္စည်းတွေကို သွားသိမ်းတဲ့အခါမှာ ကျွန်တော်တို့ဒါ ပြည်သူ့ရဲတွေကနေပြီးတော့ စောင့်ကြည့်ပြီးတော့မှ ကြပ်မတ်ကြည့်ရှုပြီးတော့မှ ကာကွယ်ပေးရမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကာကွယ်ပေးမှုမရှိတဲ့အတွက် အချို့ဘီးလစ်စာရေးဆိုရင် အရိုက်ခံရတာ ခဏခဏဖြစ်နေပါတယ်။ ဒီကိစ္စကိုလည်း ကော်မတီအနေနဲ့ လေ့လာစောင့်ကြည့်သင့်ပါကြောင်း အကြံပြုပါတယ်ခင်ဗျား။ နောက်တစ်ခုက ကျွန်တော်တို့ တရားရုံးတွေ ဒီအကြံပြုချက်မှာထည့်သွင်းသင့်တာကတော့ တရားရုံးတွေကို ကျယ်ကျယ်ဆောက်ဖို့ဖြစ်ပါတယ်။ တရားရုံးတွေက မီးခြစ်ဗူးအရွယ်လောက်ပဲဖြစ်နေတဲ့အတွက် အထဲထဲမှာ ကြပ်ညှပ်ပြီးတော့မှ အပြင်ကလူလည်း ကြည့်ခွင့်မရတဲ့အတွက် တရားစီရင်ရေးတွေဟာ မှန်ကန်မျှတလားဆိုတာ ပြည်သူတွေသိခွင့်မရပါဘူး။ နောက်ဒီလို ကျယ်ကျယ်မဆောက်နိုင်ရင်တောင်

မှ ဒီတရားရုံးတွေမှာ တရားသူကြီးတွေက အမှုစစ်ရွေ့နေတွေရဲ့ပြောစကားကို သေချာနားထောင်ပြီး တော့မှ လိုက်မှတ်သားဖို့ အတွက် CCTV ကင်မရာကို တပ်သင့်ပါကြောင်းလည်း အကြံပြုချက်ထဲမှာ ထည့်သွင်းသင့်ပါတယ်။ နောက်ဆုံးတစ်ခုကတော့ ဂျူရီလူကြီးထားတဲ့စနစ်ကို လက်ခံပါတယ်ခင်ဗျား။ ဒါပေမဲ့ ဂျူရီလူကြီးထားတာကလည်း ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး ဆေးကြောင့်လေး၊ ဘူးလေးရာ ဖရုံဆင့်ဖြစ်မှာလည်း ကြောက်ရပါတယ်။ တရားသူကြီးအပြင် ဂျူရီလူကြီးပါပေးရတဲ့ လာဘ်ပေးလာဘ်ယူကြီး ပေါ်လာမှာတစ်ခုလည်း ကြောက်ရပါတယ်ခင်ဗျား။ ဒါကြောင့်မို့ ဂျူရီလူကြီး ကိုလည်း သိက္ခာသမာဓိပညာနဲ့ပြည့်စုံတဲ့ ဂျူရီလူကြီးများ ခန့်အပ်ထားသင့်ကြောင်း အကြံပြုတိုက်တွန်း ရင်းနဲ့ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့အစီရင်ခံစာကို လေးနက်စွာထောက်ခံအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးက ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ ယင်း အစီရင်ခံစာနှင့်စပ်လျဉ်းပြီး လွှတ်တော်ကသဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည် ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးချင်းဖေလင်း(အဖွဲ့ဝင်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော် များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ကချင်ပြည်နယ်၊ မံစီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့အဖွဲ့ဝင် ဦးချင်းဖေလင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့ အစီရင်ခံစာကို ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ဖြစ်တဲ့ ၁၀-၇-၂၀၁၇ ရက် နေ့ (တနင်္လာနေ့)မှာ ဖတ်ကြားတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဒီနေ့မှာ

လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးကလည်း ဆွေးနွေးခဲ့ကြပါတယ်။ အခုလို ဆွေးနွေးပေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စိတ်အားထက်သန်စွာ ဆွေးနွေးထောက်ခံအကြံပြုပေးကြတဲ့အတွက် လည်း ကော်မတီရဲ့ကိုယ်စား အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့ လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့အစီရင်ခံစာကို သဘောတူလက်ခံ အတည် ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့လေးစားစွာ တင်သွင်းအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့မှာ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက အစီရင်ခံစာတင်သွင်းစဉ်က ကျွန်တော်ကနေပြီးတော့ တရားရုံးတွေမှာ ဆက်ဆံရေး မောက်မာနေတာ တွေ၊ တရားစီရင်နေဆဲမှာ ဂျာနယ်ဖတ်တာ၊ ဖုန်းပြောတာ၊ နောက်တစ်ခါ ရုံးချိန်းတွေမကြာခဏချိန်းတာ၊ ရဲအရေးမပိုင်မှုဆိုပြီး အကြောင်းပြပြီး အရေးယူမပေးတာ၊ သက်သေခံအထောက်အထားတွေကို ပြည့်ပြည့်စုံစုံမသုံးသပ်တာ စသည့်အချက်တွေကို အမှုအလိုက် အထောက်အထားနှင့်တကွ ၂၁-၇-၂၀၁၇ ရက်နေ့နောက်ဆုံးထားပြီး တင်ပေးပါဆိုပြီး ကော်မတီကိုညွှန်ကြားခဲ့ပါတယ်။ ကော်မတီက ၂၁-၇-၂၀၁၇ ရက်နေ့မှာ လာရောက်ပြီးတင်ထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ခုနက ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးသလို ကော်မတီရဲ့ဒီအစီရင်ခံစာနှင့်ပတ်သက်လို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးချုပ်ထံ ကျွန်တော့်အနေနဲ့ ပေးပို့သွားမှာဖြစ်ပါတယ်။ ဒါကို တရားဥပဒေစိုးမိုးရေးက ခုနကပြောသလို Check and Balance အရ ဒါမှမဟုတ်လို့ရှိရင်လည်း Parliamentary သည် Oversight အရ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကိုလည်း အသိပေးပါတယ်။

**မူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊၁၁း၅၅ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ၁၁း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။

**မှုကြမ်း**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၂) ရက်မြောက်နေ့**
**(၂၄.၇.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်**
**ပုဂ္ဂိုလ်များ**



ဒေါက်တာဦးလှမိုး
(အောင်မြေသာစံ မဲဆန္ဒနယ်)



ဒေါက်တာဦးသန်းအောင်စိုး
(မင်းလှ မဲဆန္ဒနယ်)



ဒေါက်တာဦးအောင်ခင်
(ပြင်ဦးလွင် မဲဆန္ဒနယ်)



ဒေါ်သန္တာ
(အိမ်မဲ မဲဆန္ဒနယ်)



ဒေါက်တာဦးတင်အောင်
(ကျောက်ဆည် မဲဆန္ဒနယ်)



ဦးစိန်ဟန်
(ကံမ မဲဆန္ဒနယ်)



ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး)
ပညာရေးဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်